ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့ (24-10-2013) (၇၆၄၃)

လူသန်းပေါင်းများစွာကို ဆင်းရဲခြင်းမှ လွတ်ကင်းအောင် ဆောင်ကြဉ်းနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၈)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ယနေ့ဆိုလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်ခဲ့သည်မှာ (၆၈)နှစ်ပြည့်မြောက်ပြီဖြစ်ပေသည်။ ကုလသမဂ္ဂကြီးသည် စတင်ပေါ်ပေါက်လာသည့်အချိန်မှစ၍ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး၊ ကမ္ဘာ့နိုင်ငံများအကြား ချစ်ခင်ရင်းနှီးသောဆက်ဆံရေးကို ဖော်ဆောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုတို့နှင့် စပ်လျဉ်းသော နိုင်ငံတကာပြဿနာများကို ဖြေရှင်းရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ လေးစားရေးကို အားပေးရေးနှင့် မြှင့်တင်ရေး စသည့် မြင့်မြတ်သောရည်မှန်းချက်များကို ခွဲခြားမှုမရှိဘဲ အားသွန်ခွန်စိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရပေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဩစတြေးလျဝန်ကြီးချုပ်ဟောင်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Hon. Bob Hawke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာဖေသက်ခင်၊ ခေတ္တ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ၁၉၅၃ ခုနှစ်မှစတင်၍ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလာခဲ့သည့်အတွက် ယခုအခါ သံတမန်ဆက်ဆံမှု နှစ်ပေါင်း ၆၀ ရှိလာခဲ့ပြီး ယခုနောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေးနွေးထွေးကာ ပိုမိုရင်းနှီးချစ်ကြည်လာမှု၊ ဩစတြေးလျဝန်ကြီးချုပ်ဟောင်းလက်ထက်တွင် မြန်မာနိုင်ငံအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အကူအညီများပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရအဆက်ဆက်ကြိုးပမ်းဆောင်ရွက်နေမှု၊ ပညာရည်မြင့်မားမှု လူငယ်လူရွယ်များအတွက် တန်းတူညီတူရှိသော အခွင့်အလမ်းများပေးနိုင်မည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကသော့ချက်ဖြစ်သည့်အတွက် ပညာရေးကဏ္ဍတွင် ဩစတြေးလျနိုင်ငံက ဦးစားပေးကူညီပံ့ပိုးပေးလိုမှု၊ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆုများရရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Hon. Bob Hawke အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၁၀-၂၀၁၃

တောင်ငူ	၁ ဒသမ ၂၆ လက်မ
ရေဦး	၁ ဒသမ ၁၄ လက်မ
ကျိုင်းတုံ	သုည ဒသမ ၇၉ လက်မ
ပလက်ဝ	သုည ဒသမ ၇၁ လက်မ

ကြော်ငြာစာမျက်နှာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပို ရှစ်မျက်နှာပါရှိပါသည်။

မန္တလေးမြို့တွင် အိမ်ခြံမြေအငှားသွက်

မန္တလေး အောက်တိုဘာ ၂၃

မန္တလေးမြို့တော်တွင် စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လာရောက်အခြေချလုပ်ကိုင်ကြရာ အောက်တိုဘာ ဒုတိယပတ်မှစ၍ ကျပ်ငါးသိန်းဝန်းကျင် အိမ်ခြံမြေတိုက်ခန်းများ အငှားသွက်လျက်ရှိကြောင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်များထံမှ သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

ဆီးဂိမ်းအကြိုပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

သတင်း – စိုင်းညီလေး
ဓာတ်ပုံ – ရှိုင်းထက်ဇော်

နေပြည်တော် အောက်တိုဘာ ၂၃

ဆီးဂိမ်းအကြိုပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း၌ ကျင်းပလျက်ရှိပြီး ယနေ့ နံနက်ပိုင်းက ဒုတိယနေ့ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသည်။

ကျင်းပပြီးစီးသွားသောပွဲစဉ်များထဲမှ အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲတွင် လင်းဇေယျာနောင်၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် သက်ဇော်ဝင်း၊ လုံးတံပစ်ပြိုင်ပွဲတွင် ကျော်စွာမိုး၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ထွန်းထွန်းလင်း၊ အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲတွင် ကေခိုင်လွင်၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ယဉ်ယဉ်ခိုင်၊ လုံးတံပစ်ပြိုင်ပွဲတွင် စိုးစိုးထွေး၊ အလျားခုန်ပြိုင်ပွဲတွင် မြင့်မြင့်ဝေ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံစာတည်းရှုထောင့် ၂၄-၁၀-၂၀၁၃၊ ကြာသပတေးနေ့

ပညာရဲရင့် နိုင်ငံမြင့်စေ

ကမ္ဘာကြီးသည် လူသားတို့၏ ပြုပြင်ဖန်တီးမှုအရ ခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရသည်။ သမိုင်းဦးဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ စက်မှုအရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် မျက်မှောက်ခေတ် စသည့်ခေတ်ရေစီးကြောင်းအတိုင်း ပြောင်းလဲဖြစ်တည်လာသည်ကို တွေ့ရသည်။

ခေတ်အမျိုးမျိုးရှိခဲ့သော်လည်း ယခုမျက်မှောက်ခေတ်တွင် လူသားတို့သည် ပညာကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် အထူးလေ့လာကြိုးစားရှာဖွေသင်ယူနေကြသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပညာကို အားပြုသော ပညာဖြစ်ထွန်းတွင်ကျယ်လာသည့် ပညာခေတ်သို့ရောက်ရှိလာပြီဟု ပညာရှင်များက မိန့်ဆိုကြသည်။ ပညာခေတ်ဆိုသည်မှာ ပညာအားကြီးမားလာသော ခေတ်ကာလ၌ အစစအရာရာတွင် ပညာကိုအခြေခံသော ခေတ်ဖြစ်ပါသည်။

စက်မှုခေတ်သည် နှစ်ပေါင်း ၃၀၀ အတွင်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထွန်းကားလာရာ ထိုသို့တိုးတက်ထွန်းကားလာရန်အတွက် သိပ္ပံပညာ၊ နည်းပညာများက ကူညီထောက်ပံ့လျက်ရှိသည်။ ယင်းကိုကြည့်ခြင်းအားဖြင့် ပညာ ဆိုသောအရာသည် လူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သောဘဝ၏ ပန်းတိုင်ဆိုလျှင်လည်း မမှားချေ။

၁၉၈၀ နောက်ပိုင်းတွင် နည်းပညာများသည်လူသားအတွက် မယုံနိုင်လောက်အောင် ဖွံ့ဖြိုးတိုးတက်လာသည်။ နည်းပညာများကို ခွဲခြားကြည့်လျှင် (၁) ဆက်သွယ်ရေးပညာ၊ (၂)သတင်းအချက်အလက် နည်းပညာ၊ (၃) ဒစ်ဂျစ်တယ်နည်းပညာတို့ပင်ဖြစ်သည်။

ယခင်က လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် စာတိုက်၊ ကြိုးမဲ့ကြေးနန်း၊ တယ်လီဖုန်းတို့ဖြင့် ရေးသားပြောဆို ပေးပို့ကြရသည်။ ယခုအခါတွင် အင်တာနက်စသည့်နည်းပညာများဖြင့် လူတစ်ဦးမှတစ်ဦး၊ တစ်ရွာမှတစ်မြို့၊ တစ်မြို့မှ တစ်နိုင်ငံ၊ တစ်နိုင်ငံမှတစ်ကမ္ဘာလုံးသို့ အချိန်တိုအတွင်း မြင်နိုင်၊ ဆက်သွယ်နိုင်ပြီဖြစ်သည်။

သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ကွန်ပျူတာ၊ ဖက်စ်၊ အင်တာနက်စသည်တို့သည် ထူးထူးခြားခြားတိုးတက်လာခြင်းကြောင့် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးမှာ အလှမ်းမဝေးတော့ဘဲ "ရွာ" ကလေးတစ်ရွာအဖြစ်သို့ ကူးပြောင်းလာသည်ကိုတွေ့နိုင်ပေသည်။

ကျွန်ုပ်တို့မြန်မာများလည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် "ပညာ" ကို အဆက်မပြတ်ရှာဖွေကြရမည်။ ဖွံ့ဖြိုးမှုနောက်ကျနေလျှင် ပညာဖြင့် အမီလိုက်ရမည်ဖြစ်သည်။ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး" သည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည်။ နိုင်ငံတော်ကလည်း ပညာရည်မြင့်မားတိုးတက်စေရေးအတွက် မူလတန်းမှအထက်တန်း၊ အထက်တန်းမှအဆင့်မြင့်ပညာရေးအထိ နိုင်ငံတကာအဆင့်အတန်းမီအောင် ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးလျက်ရှိသည်။

ပညာတတ်မှသာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပြီး "ပညာ" ရှာ၍ ပညာအကျိုးဖြင့် မိမိနိုင်ငံ၊ မိမိ လူမျိုး၊ မိမိဘဝအတွက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ လှပသောအနာဂတ်ကိုပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါသည်။ ။

ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၃

ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်း ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၁၉ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်မြေဩဇာအိတ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၃

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသော တောင်သူများ၊ သစ်ပင်ပန်းမန် စိုက်ပျိုးနေသော ဥယျာဉ်ခြံလုပ်ငန်းရှင်များအတွက် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းတွင် ယမန်နေ့ညနေ ၃ နာရီက ကော့သောင်း-ရန်ကုန်ပြေးဆွဲနေသော အမ်ဗွီမြမြမွန်သင်္ဘောပေါ်မှ ဓာတ်မြေဩဇာအိတ်များ ဆိပ်ကမ်းချလျက်ရှိသည်။ **(ဓါတ်ပုံ)**

ထိုင်းနိုင်ငံလုပ် မြင်းပျံတံဆိပ်၊ GoldenComb တံဆိပ်၊ သရဖူတံဆိပ်၊ ယုန်တံဆိပ်စသည့် အရွယ်အစားမျိုးစုံ အိတ်ပေါင်း ၆၃၄၃ အိတ်ပါဝင်ပြီး ဓာတ်မြေဩဇာ ပါဝင်မှုအချိုးအစားပေါ် မူတည်၍ ဈေးနှုန်းကွာခြားလျက်ရှိကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်	ရွှေဈေး	၆၈၇၄၀၀ - ၆၈၈၄၀၀	
မန္တလေး	ရွှေဈေး	၆၈၇၄၀၀ - ၆၈၈၄၀၀	

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၉. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၅၄
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၃၅၅
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၈. ၈၂
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၉၅
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၀. ၉၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၀၄၁
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၄၆. ၇၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၇. ၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

☆ လူသန်းပေါင်းများစွာမှ

ကုလသမဂ္ဂ၏ အဓိကတာဝန်တစ်ရပ်မှာ ကမ္ဘာကြီးအား ပိုမိုဘေးကင်းပြီး ပိုမိုလုံခြုံသော ကမ္ဘာအဖြစ် တည်ဆောက်ရေးဖြစ်သည်။ ဤတာဝန်ကို ကုလသမဂ္ဂအနေဖြင့် ကျေနပ်ဖွယ်ဆောင်ရွက်လျက်ရှိသည်ဟု မိမိတို့ ယုံကြည်ပါသည်။ ငြိမ်းချမ်းမှုရရှိရေးအတွက် ပဋိပက္ခကာကွယ်ခြင်းနှင့် ကြားဝင်စေ့စပ်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရအတွက် အခြေခံများ တည်ဆောက်ပေးခြင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းများတိုးတက်ပါဝင်ရန် အားပေးခြင်း၊တရားဥပဒေစိုးမိုးမှုရှိခြင်း၊ ငြိမ်းချမ်းမှုထိန်းသိမ်းခြင်း စသည် တို့ဖြင့် ဆောင်ရွက်လျက်ရှိပေသည်။ တစ်ချိန်တည်းမှာပင် လက်နက်ဖျက်သိမ်းရေးနှင့် လက်နက်မပြန့်ပွားရေး တို့ကိုလည်း အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပေသည်။

ထောင်စုနှစ်ရည်မှန်းချက်များကို အလွန်အမင်းဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ပြည်သူများအတွက် ပေါက်မြောက်စေရန် ချမှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဤရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူသန်းပေါင်းများစွာကို လွန်မင်းစွာ ဆင်းရဲခြင်းမှ လွတ်ကင်းအောင် သမိုင်းဝင်ဆောင်ကြဉ်းနိုင်ခဲ့ပေသည်။ သို့သော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှုများကို ၂၀၁၅ ခုနှစ်အလွန်တွင်လည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သလို ပိုမိုအားထုတ်ကြိုးပမ်းရန် ရှိပေသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းဖြင့် အားထုတ်ကြိုးပမ်းရန်လည်း အရေးကြီးပေသည်။ ဖွံ့ဖြိုးတိုးတက်ရေးကို ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများကို တားဆီးနိုင်ရန် သဘာဝဘေးအန္တရာယ်များမှ ထိခိုက်မှုကို လျှော့ချနိုင်ရေးအတွက် ထိခိုက်လွယ်မှု လျှော့ချရေးနှင့် ကြံ့ခိုင်ပြင်ဆင်မှုတိုးတက်ရေးတို့ကိုလည်းဆောင်ရွက်ရမည်ဖြစ်သည်။ အခြားရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးအပေါ် အကျိုးသက်ရောက်မှုများကို ကုစားနိုင်ရေး၊ အလုပ်အကိုင် ပိုမိုဖန်တီးရေး၊ လူမှုရေးမညီမျှမှုများလျှော့ချရေး၊ အမျိုးသမီးများအတွက် ပညာရေးနှင့် ကလေးသူငယ်များ ကျန်းမာရေး စသည့်နယ်ပယ်များတွင်လည်း ပိုမိုအာရုံစိုက် ဆောင်ရွက်ရန် ရှိပေသည်။ အသွင်ကူးပြောင်းဆဲနိုင်ငံများအား အားပေးကူညီမှုများကိုလည်း ဆက်လက်ပြုလုပ်ရန် လိုအပ်ပေသည်။

ဤရည်မှန်းချက်များ ပေါက်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိခဲ့သည်များရှိသလို ရွေ့လျားနေသည့် အချိန်နှင့် ပြောင်းလဲလာသော အခြေအနေများအရ ရှေ့ဆက်ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှု အများအပြားလည်း ပေါ်ပေါက်လျက်ရှိပေသည်။

အနာဂတ် ကုလသမဂ္ဂကြီးအနေဖြင့် ဤစိန်ခေါ်မှုများကိုတုံ့ပြန်နိုင်ပြီး မျှော်လင့်ချက်များကိုလည်း ဖြည့်ဆည်းနိုင်မည့်အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်ရန်လိုအပ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လိုအပ်သည့်အားပေးကူညီမှုများ၊ အရင်းအမြစ်များဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းကြီးကိုထောက်ပံ့ကူညီရန် အရေးကြီးပေသည်။ ဤစိန်ခေါ်မှု အများအပြားကို ကမ္ဘာ့ကုလသမဂ္ဂကြီးမှ ကြိုးပမ်းဖြေရှင်းရာတွင် အားလုံးသော အဖွဲ့ဝင်နိုင်ငံများ၊ ကမ္ဘာ့ပြည်သူများနှင့် အတူ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများကလည်း လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ် အားပေးလျက်ရှိသော ကုလသမဂ္ဂကြီးအားလည်း မြန်မာနိုင်ငံနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ပိုမိုသာယာဝပြောပြီး ငြိမ်းချမ်းသော ကမ္ဘာကြီးတစ်ခုဖြစ်ရန် ရည်မှန်းဆောင်ရွက်နေသည့် ကုလသမဂ္ဂကြီး အပေါ်ထားရှိသည့် မြန်မာနိုင်ငံ၏ အားပေးကူညီမှုနှင့် ကတိကဝတ်တို့ကိုလည်း ဤမင်္ဂလာရှိသော အခါသမယတွင် ထပ်လောင်းအတည်ပြုလိုက်ပါသည်။

ဆက်သွယ်ထိတွေ့မှုပိုမိုတိုးတက်လာသောကမ္ဘာတွင် ပို၍ပင်ပေါင်းစည်းလာကြရမည်ဖြစ်

နေပြည်တော်　　အောက်တိုဘာ　　၂၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကုလသမဂ္ဂနေ့ သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

မိတ်ဆွေများခင်ဗျား-

ကုလသမဂ္ဂနေ့သည် ငြိမ်းချမ်းရေးနှင့် အားလုံးတိုးတက်ရေးတို့အတွက် အဖိုးထိုက်တန်လှသော ဤအဖွဲ့အစည်းကြီးက မည်မျှအကျိုးပြုလုပ်ဆောင်ခဲ့သည်ကို အသိအမှတ်ပြုရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်လာရန် ကျွန်ုပ်တို့၏အမြော်အမြင်ကို အကောင်အထည်ဖော်ရေးအတွက် မည်သည်တို့ တိုးတက်လုပ်ဆောင်နိုင်မည်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် အချိန်လည်းဖြစ်ပေသည်။

ဆီးရီးယားတွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများသည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံး လုံခြုံရေးစိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။

သန်းပေါင်းများစွာသောလူများသည် ၎င်းတို့၏အသက်ကယ်တင်ရေး အကူအညီများရရှိရန် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဝန်ထမ်းများကို အားထားရလျက်ရှိပေသည်။

ဆီးရီးယားနိုင်ငံရှိ ဓာတုလက်နက်အစုအပုံများကို ဖျက်ဆီးရန် ကုလသမဂ္ဂကျွမ်းကျင်သူများသည် ငြိမ်းချမ်းရေး နိုဘယ်ဆုရ ဓာတုလက်နက်ပိတ်ပင်တားဆီးရေးဆိုင်ရာ အဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

ကာလရှည်ကြာစွာခံစားနေခဲ့ပြီးဖြစ်သော ဒုက္ခများကိုအဆုံးသတ်ရန် သံတမန်နည်းလမ်းဖြင့် အဖြေထုတ်ရန် လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်မှာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတစ်ရပ် လက်တွေ့အကောင်အထည်ပေါ်လာရေးဖြစ်သည်။

ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များသည် ဆင်းရဲမှုကိုထက်ဝက်လျှော့ချနိုင်ခဲ့ပြီးဖြစ်သည်။

ယခုဆိုလျှင် ရရှိပြီးအရှိန်အဟုန်ကိုထိန်းသိမ်းရမည်ဖြစ်သလို တန်းတူအားတက်ဖွယ်ဖြစ်စေမည့် ၂၀၁၅ ခုနှစ်လွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တစ်ရပ်ကို ဖော်ထုတ်ရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ လည်း သဘောတူညီချက်တစ်ရပ် ရရှိရမည်ဖြစ်သည်။

ယခုနှစ်တွင်လည်း ကုလသမဂ္ဂကြီးသည် လက်နက်ကိုင်ပဋိပက္ခ၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်နှင့်အခြားကိစ္စ အများအပြားတွင် အတူတကွလက်တွဲဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်ရသည်။

စုပေါင်းဆောင်ရွက်ခြင်းဖြင့် မည်သို့လုပ်ဆောင်နိုင်သည်ကို ဆက်လက်ပြသနိုင်ခဲ့ပြီဖြစ်သည်။ ထို့ထက်ပင်ပို၍ ဆောင်ရွက်နိုင်ပေသေးသည်။

ဆက်သွယ်ထိတွေ့မှုပိုမိုတိုးတက်လာသောကမ္ဘာတွင် ပို၍ပင်ပေါင်းစည်းလာကြရမည်ဖြစ်သည်။

ဤအဖွဲ့အစည်းကြီး စတင်ထူထောင်စဉ်က ထားရှိခဲ့သည့်အယူအဆများအတိုင်း ဆောင်ရွက်သွားမည်ဟု လည်းကောင်း၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူ့အခွင့်အရေးတို့အတွက် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဟုလည်းကောင်း ကုလသမဂ္ဂနေ့တွင်သန္နိဋ္ဌာန်ချမှတ်သွားကြပါစို့။

မြန်မာလက်ဝှေ့အဖွဲ့၏ဆီးဂိမ်းရွှေအိပ်မက်ခရီး

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရှိုင်းထက်ဇော်

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာ့လက်ဝှေ့အဖွဲ့ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ဝေးကွာနေသည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ ၁၉၈၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ကို နောက်ဆုံးရယူနိုင်ခဲ့ရာ ယခု ၂၀၁၃ ခုနှစ်ဆိုလျှင် နှစ်ပေါင်း ၃၀ ပြည့်တော့မည်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ဝှေ့အဖွဲ့မှာ ဆီးဂိမ်းရွှေတံဆိပ်ဆုကို နှစ်ပေါင်း ၃၀ အကြာတွင် ပြန်လည်ရယူနိုင်ရန် အကောင်းဆုံးအခွင့်အရေးပင်ဖြစ်သည်။

မြန်မာ့လက်ဝှေ့အဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ခြောက်ဦးကို ရွေးချယ်ကာ နောက်ဆုံးအဆင့် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ဝှေ့အဖွဲ့မှာ ၂၀၁၂ ခုနှစ်ကတည်းက လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ယခု ၂၀၁၃ ခုနှစ်အတွင်း၌ ကာဇက်စတန်နိုင်ငံနှင့် တရုတ်နိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးအဆင့်လူရွေးချယ်မှုများ ပြုလုပ်ရန် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာလ ဒုတိယပတ်အတွင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင်ကျင်းပခဲ့သည်။

မြန်မာလက်ဝှေ့အဖွဲ့မှာ အဆင့်ဆင့်လူရွေးချယ်မှုများပြုလုပ်ပြီးနောက် အပြီးသတ်ကစားသမား ၁၄ ဦးကို ရွေးချယ်ထားပြီးဖြစ်သည်။ ယင်းကစားသမားများကို နိုဝင်ဘာလအတွင်း၌ ကာဇက်စတန်နိုင်ငံသို့ ထပ်မံစေလွှတ်ကာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ရွေးချယ်ထားသော မြန်မာ့လက်ဝှေ့ကစားသမားများမှာ အမျိုးသမီး- ကြူကြူလှိုင်(၆၄ ကီလို)၊ မေရီ(၆၀ ကီလို)၊ နွယ်နီဦး(၅၇ကီလို)၊ နယ်လီ(၅၄ကီလို)၊ နန်းသက်ထားစံ (၅၁ ကီလို)၊ နှင်းမို့မို့ခိုင်(၄၈ ကီလို)၊ အမျိုးသား-အောင်ကိုကို(၈၁ကီလို)၊ ဝေလင်းအောင်(၇၅ကီလို)၊ ရဲနိုင်(၆၄ကီလို)၊ ကျော်ကျော်ထက် (၆၀ ကီလို)၊ ပြည့်ဖြိုးဟိန်း(၅၆ကီလို)၊ ဝေဖြိုးထွန်း၊ မောင်ငယ်(၅၂ကီလို)၊ လင်းထွဋ်ပိုင် (၄၉ကီလို)တို့ဖြစ်ကြသည်။

○ ဆီးဂိမ်းအကြိုမှ

တုတ်ထောက်ခုန်ပြိုင်ပွဲတွင် နှင်းရီဝေတို့က အနိုင်ရဗိုလ်စွဲခဲ့ကြသည်။ နှင်းရီဝေမှာ မြန်မာပြည် စံချိန်သစ်တင်နိုင်ခဲ့ပြီး ၂၀၀၅ ခုနှစ်က နေနေဝင်း တင်ထားသော ၃ ဒသမ ၂၆ မီတာကို ၃ ဒသမ ၂၇ မီတာဖြင့် စံချိန်ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့်ပဏာမလက်ရွေးစင် ကစားသမားများအပါအဝင် ကစားသမား ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့်ပြိုင်ပွဲအမျိုးအစား ၄၆ မျိုးစလုံး ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကိုအောက်တိုဘာ ၂၄ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၁၀-၂၀၁၃ (ကြာသပတေးနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅	"(၆၈) ကြိမ်မြောက်ကုလသမဂ္ဂ အထွေထွေညီလာခံ"
၈း၃၅	ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
၈း၄၅	"သီတင်းကျွတ်လ"
၁၀း၃၀	"မျိုးဆက်သစ်တို့ ကျန်းမာဖွံ့ဖြိုး တိုးတက်ဖို့ နွားနို့ နေ့စဉ် သောက်သုံးစို့"
၁၁း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း
၃း၁၅	သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေစတားသာလောင်အငြိမ့်" (မင်းသမီး- မန်းပန်တျာယမင်းအောင်၊ လူရွှင်တော်-သာလောင်၊ဉာဏ်ပွင့်၊ ကေသာ၊ အာလူး)
၄း၁၅	မြန်မာစာ၊ မြန်မာစကား(အပိုင်း-၁၀)
၄း၄၅	အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း
၈း၃၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၈း၄၅	ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ

မြန်မာသံအမတ်ကြီး ဦးမင်းသိန်းဇံ သီရိလင်္ကာသမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　အောက်တိုဘာ　　၂၄

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းဇံသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကိုလံဘိုမြို့၌ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပါခ်ဆာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော်　　အောက်တိုဘာ　　၂၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong-Kong) Limited သည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12 တွင် Well Site Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV-WANGSA MAJU ဖြင့် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့်တည်နေရာများမှာ Point Coordinate 1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၅ မိနစ် ၅၅ ဒသမ ၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၄ မိနစ် ၃၂ဒသမ၈၆၈ စက္ကန့်၊ Point Coordinate 2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၅ မိနစ် ၄၂ ဒသမ ၇၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၃ မိနစ် ၃၆ဒသမ၅၈၄ စက္ကန့်တွင်ဖြစ်သည်။

သို့ဖြစ်၍ လုပ်ငန်းတိုင်းတာရေးဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားသဖြင့် သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန်ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

(သတင်းစဉ်)

နယ်စပ်ကာကွယ်ရေးသဘောတူညီချက် တရုတ်၊ အိန္ဒိယ လက်မှတ်ရေးထိုး

ပေကျင်း အောက်တိုဘာ ၂၃

ယခုနှစ်စောစောပိုင်းက ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့်ဒေသအတွင်း ရှေ့မတိုး နောက်မဆုတ်သာအခြေအနေ ပေါ်ပေါက်လာပြီးနောက် နယ်စပ်ဒေသ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဤသဘောတူညီမှုသည် နှစ်နိုင်ငံ စစ်ဘက်များအကြား ဆက်သွယ်ရေး တိုးတက်ရန် ရည်ရွယ်သည်။ အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် ပေကျင်းမြို့တော်သို့ အလည်အပတ်ရောက်ရှိနေစဉ် လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ ဤစာချုပ်သည် နယ်စပ်ဒေသ၌ငြိမ်းချမ်းခြင်း၊ငြိမ်သက်ခြင်းနှင့် တည်ငြိမ်ခြင်းတို့ ဆက်လက်တည်တံ့စေရေးအတွက် အထောက်အကူပြုမည်ဟု တရုတ်ဝန်ကြီးချုပ် လီကေချန်းက ပြောကြားသည်။

ဟိမဝန္တာနယ်ခြားဒေသတွင် နယ်နိမိတ်သတ်မှတ်ခြင်းကို နှစ်နိုင်ငံလုံးက သဘောမတူကြပေ။ ၁၉၆၂ခုနှစ်တွင် နှစ်နိုင်ငံအကြား ရေတိုစစ်ပွဲတစ်ပွဲ ဖြစ်ပွားခဲ့သည်။

ယင်းသို့သော မသင့်မြတ်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးခြင်းကို လမ်း ကြောင်း တိမ်းစောင်းမသွားစေရန် နှစ်နိုင်ငံလုံးက ဆန္ဒရှိကြသည်။

ဝန်ကြီးချုပ်နှစ်ဦးသည် ဗုဒ္ဓဟူးနေ့၌ တွေ့ဆုံကြရာတွင် ကုန်သွယ်ရေးကဏ္ဍကိုလည်း ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယက တရုတ်ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိရန် ကြိုးစားနေသည့်အပြင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်ရန် ဆန္ဒရှိသည်။

နှစ်နိုင်ငံနယ်စပ် ဖြတ်သန်းစီးဆင်းသော မြစ်များအပေါ် ပူးပေါင်းဆောင်ရွက်ရေးနှင့် သယ်ယူပို့ဆောင်ရေးခိုင်မာစေရန် သဘောတူစာချုပ်အပါအဝင် စုစုပေါင်းသဘောတူညီချက် ကိုးခုကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြသည်။ **ဘီဘီစီ။**

အောက်တိုဘာ ၂၃ ရက်က မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။

ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့်မှုကြောင့် ဩစတြေးလျ၌ တောမီးလောင်ဟုဆို

ဆစ်ဒနီ အောက်တိုဘာ ၂၃

ဩစတြေးလျနိုင်ငံ၌ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကြောင့် တောမီးလောင်မှုဖြစ်ပေါ်ခဲ့ရကြောင်း စုံစမ်းစစ်ဆေးရေးမှူး များက အောက်တိုဘာ ၂၃ရက်တွင် ပြောကြားကြသည်။

ဩစတြေးလျနိုင်ငံ၏ လူဦးရေအသိပ်သည်းဆုံး ပြည်နယ်ဖြစ်သော နယူးဆောက်သ်ဝေးပြည်နယ်၌ အောက်တိုဘာ ၁၇ရက်မှစ၍ တောမီးလောင်ခဲ့ရာ နေအိမ်အလုံးပေါင်း ၂၀၀ကျော် ပျက်စီးခဲ့ရပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ရသည်။

အောက်တိုဘာ ၁၆ရက်က ဆစ်ဒနီမြို့၏ အနောက်ဘက် လစ်ဂိုးမြို့အနီး၌ တောမီးကြီးမားစွာ လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ စစ်ရေးလေ့ကျင့်မှုပြုလုပ်သော နေရာမှစတင် လောင်ကျွမ်းခဲ့ကြောင်း ကျေးလက်ဒေသမီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ နာတီလီဆန်းဒါးက ပြောကြားသည်။

နေရာပေါင်း ၁၀၀ကျော်တွင် တောမီးလောင်မှုဖြစ်ပွားခဲ့ပြီး ကာကွယ်ရေးဌာန၏ စစ်ရေးလေ့ကျင့်သော ဧရိယာ၌ အောက်တိုဘာ ၁၆ရက်မှ စတင်ကာ တောမီးလောင်ခဲ့ကြောင်း မီးသတ်ဌာန စုံစမ်းစစ်ဆေးရေးမှူးများ က ပြောကြားကြသည်။

ကြည်းတပ် စက်ပစ်ကွင်း၌ ကျည်အစစ်များကိုအသုံးပြုသော စစ်ရေး လေ့ကျင့်မှုတစ်ရပ်ကြောင့် စတင် တောမီး လောင်ခဲ့ကြောင်း ကျေးလက်ဒေသမီးသတ်ဌာနက ထုတ်ပြန်သော ကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။ **ပီတီအိုင်။**

တောမီးလောင်မှုကြောင့် ပျက်စီးခဲ့ရသော နေအိမ်များကို တွေ့ရစဉ်။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ် သမ္မတ အိုဘားမားနှင့် တွေ့ဆုံမည်

ဝါရှင်တန် အောက်တိုဘာ ၂၃

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် အိမ်ဖြူတော်၌ အောက်တိုဘာ ၂၃ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်စစ်ပွဲ ခေတ်လွန်ကာလ၌ နှစ်နိုင်ငံဆက်ဆံရေး ပုံစံသစ်ကိုဖော်ဆောင်နိုင်ရန် ပါကစ္စတန် ခေါင်းဆောင်က ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၁၁ခုနှစ်က အိုစမာဘင်လာဒင်အား သေဆုံးစေခဲ့သည့် အမေရိကန်အထူးတပ်ဖွဲ့များ၏ စီးနင်းတိုက်ခိုက်မှုနောက်ပိုင်း နှစ်နိုင်ငံတင်းမာမှုများ ပြေလျော့လာမှု၏ လက္ခဏာတစ်ရပ်အဖြစ် ပါကစ္စတန်နိုင်ငံသို့ စစ်ရေးအကူအညီ ပြန်လည်ပေးရန် အမေရိကန်အစိုးရအဖွဲ့က လှုပ်ရှားဆောင်ရွက်လာချိန်တွင် ရှရစ်ဖ်၏ခရီးစဉ် ပေါ်ပေါက်ခဲ့သည်။

တိုက်တွန်း

သို့ရာတွင် ပါကစ္စတန်နိုင်ငံရှိ လူမျိုးစုတိုင်းရင်းသားမျိုးနွယ်များနေထိုင်ရာဒေသများ၌ အမေရိကန်က မောင်းသူမဲ့ ဒရုန်းလေယာဉ်များကို အသုံးပြု၍ စစ်သွေးကြွများကို ချေမှုန်းနေခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုများကို အဆုံးသတ်ရန် ရှရစ်ဖ်က တိုက်တွန်းခဲ့သည်။

ရှရစ်ဖ်သည် မေလကကျင်းပခဲ့သော ရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့ပြီးနောက် ပထမဆုံးအကြိမ် အိမ်ဖြူတော်သို့ လာရောက်ခြင်းဖြစ်သည်။ **ပီတီအိုင်။**

ပြင်သစ်ဖုန်းများ ခိုးနားထောင်သည်ဟူသောသတင်း မဟုတ်ကြောင်း အမေရိကန် ငြင်းဆို

ဝါရှင်တန် အောက်တိုဘာ ၂၃

အမေရိကန်ပြည်ထောင်စုသည် ပြင်သစ်နိုင်ငံသားများဖုန်းပြောခြင်းများမှ သတင်းအချက်အလက်များ စုဆောင်းရယူခဲ့သည်ဟူသော သတင်းများမှာ မဟုတ်မှန်ကြောင်း အမေရိကန်ထောက်လှမ်းရေး အကြီးအကဲ ဂျိမ်းကလက်ပါက ငြင်းဆိုသည်ဟု ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တစ်လအတွင်း ဖုန်းခေါ်ဆိုမှုအကြိမ် ပေါင်းသန်း ၇၀မှ အချက်အလက်များကို အမေရိကန်က သူသျှိုလုပ်ရယူခဲ့ကြောင်း "လီမွန်ဒေး" သတင်းစာတွင် ဖော်ပြထားသည်မှာ မှားယွင်းသည်ဟု အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးက ပြောကြားသည်။

အသုံးပြု

သတင်းစာတွင် ဖော်ပြထားသော အခြားသတင်းတစ်ပုဒ်မှာ ပြင်သစ်သံတမန်များ စကားပြောဆိုခြင်းကို အီလက်ထရွန်နစ် ပစ္စည်းများအသုံးပြု၍ အမေရိကန်က ခိုးနားထောင်ကြောင်း၊ ကုလသမဂ္ဂတွင် အရေးကြီးသော မဲပေးရာ၌ ယိမ်းယိုင်သွားစေရန် ယင်းသတင်းအချက်အလက်များကို အသုံးပြုခဲ့ကြောင်း ရေးသားထားသည်။

အဆိုပါ သတင်းနှစ်ပုဒ်လုံးသည် အမေရိကန်ထောက်လှမ်းရေးဝန်ထမ်းဟောင်း အက်ဝပ်စနိုးဒင်ထံမှ ပေါက်ကြားလာသောသတင်းများကို အခြေခံခြင်းဖြစ်သည်။

ၕင်းအနေဖြင့် ထောက်လှမ်းရေးလုပ်ငန်း ဆောင်ရွက်မှုအသေးစိတ်ကို ဆွေးနွေးမည်မဟုတ်ကြောင်း၊ သို့သော် နိုင်ငံတကာ ထောက်လှမ်းရေးသမားများ လုပ်နည်းလုပ်ဟန်အတိုင်း အမေရိကန်တို့လည်း လှုပ်ရှားသတင်းယူကြကြောင်း မစ္စတာကလက်ပါက ပြောကြားသည်။ **ဘီဘီစီ။**

ပြည်တွင်းရေးရာ

ကျွန်းစုမြို့နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရတနာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံရွာသူရွာသားများနှင့်တွေ့ဆုံ၍ ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းဖြင့် အဂ္ဂမဟာဗျူဟာနည်းလမ်းငါးခုအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်နေကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကျေးလက်လူငယ်စွမ်းအားများ ဖွံ့ဖြိုးရန်လိုအပ်ပြီး ၎င်းတို့မှတစ်ဆင့် မိမိတို့ရပ်ရွာ၏ အဓိကလိုအပ်ချက်အခြေခံ အဆောက်အအုံများကို စာရင်းဇယားမှန်ကန်တိကျစွာကောက်ယူ၍ ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြု အဖွဲ့ဝင်များမှ မြို့နယ်၊ တိုင်းဒေသကြီးအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားမှသာ မိမိတို့ ရပ်ရွာဒေသ လျင်မြန်စွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှုန်းတိုင်းတာချက်အရ ကျွန်းစုမြို့နယ်သည် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသတစ်ခုအဖြစ်ပါဝင်နေကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်ရဲမှုလျှော့ချရေးလုပ်ငန်းများတွင် အဓိကအရေးကြီးဆုံးမှာ မီးလင်းရရှိရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးပင်ဖြစ်ကြောင်း၊ ပင်လယ်ရေနှင့် ထိစပ်နေသည့် ဒေသများဖြစ်သည့်အတွက် ရေငန်မှရေချိုရရှိရေး ဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက် ပေးသွားရန် လိုအပ်ကြောင်း၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများသည် ရေပတ်လည်ဝန်းရံလျက်ရှိနေ၍ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် အနုဇိဝလုံခြုံမှုရှိသည့်အတွက် နို့စားနွား၊ ခိုင်းနွား၊ ဝက်မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်ဆောင်ရွက်ရန်အထူးသင့်လျော်ကြောင်း၊ Livestock Bank များ ထူထောင်ပေးသွားခြင်းအားဖြင့် ဒေသခံရွာသူရွာသားများမှ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်မျိုးများအား အကြွေးစနစ်ဖြင့် မွေးမြူသွားနိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ကျောင်းသားလူငယ်များအား နေ့စဉ်နွားနို့သောက်သုံးနိုင်စေရေးအတွက် အိမ်တိုင်းတွင် နို့စားနွားမွေးမြူသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကွင်းဆင်းအဖွဲ့မှ တာဝန်ရှိသူများက သား/ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှုများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အသေးစားလက်မှုလုပ်ငန်းများ ထူထောင်ပေးရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်ရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကတ္တလူကျေးရွာနှင့် ကန်ကြီးကျေးရွာတို့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းပေးပြီး ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်၊ Sky Net ရုပ်သံဖမ်းစက်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကာ ကျွန်းစုမြို့နယ်ရှိ ကျေးရွာများသို့ လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေရေးဆွဲရေးနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးပညာရပ်ဆိုင်ရာဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) တို့ ပူးပေါင်းစီစဉ်မှုဖြင့် "ဥပဒေရေးဆွဲရေးနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က သမိုင်းကြောင်းအရ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနှင့်ပူးတွဲ၍ ဥပဒေရေးဆွဲရေးသင်တန်းမျိုး တစ်ကြိမ်တစ်ခါမျှ ပြုလုပ်ခဲ့ဖူးခြင်းမရှိကြောင်း၊ လွန်ခဲ့သောနှစ်များက ဥပဒေရေးဆွဲသူများပြည်ပသို့စေလွှတ်သင်ကြားစေခဲ့ကြောင်း၊ မျက်မှောက်ခေတ်တွင် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိနှစ်ဦးအား အိန္ဒိယနိုင်ငံတွင် ဥပဒေရေးဆွဲရေးသင်တန်းသို့ လည်းကောင်း၊ စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံး၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဥပဒေများ စိစစ်ရေးဆွဲရေးဌာနမှ အရာရှိတစ်ဦးအား လည်းကောင်း စေလွှတ်ခဲ့ကြောင်း၊ ယနေ့ကျင်းပသော ဥပဒေရေးဆွဲရေးနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲသည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဤသင်တန်းသည် ဥပဒေအရာရှိများနှင့် ဝန်ကြီးဌာနများ၏ ဥပဒေရေးဆွဲရေးကဏ္ဍများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် UNDP Myanmar ရုံးမှ Team Leader Ms.Emma Morley နှင့် Mr.Daniel Greenberg, Counsel in the Office of Speaker's Counsel,House of Commons, London တို့က ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေရေးဆွဲခြင်းအခန်းကဏ္ဍကို ဦးဆောင်မှုပြု၍ ဆောင်ရွက်နေသည်ကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့အဖွဲ့အစည်းသည် နောင်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးဆွဲရေးသင်တန်းကို မြန်မာနိုင်ငံအတွင်း၌ ဖွင့်လှစ်ပေးနိုင်ရန် ဖြစ်ပါကြောင်း ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေးရှားရောက်မြန်မာအမျိုးသမီးတစ်ဦး တိုက်ခိုက်ခံရ

ကွာလာလမ်ပူ အောက်တိုဘာ ၂၃

အောက်တိုဘာ ၁၇ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အမ်ပန်းဆေးရုံကြီးအနောက်ဘက် ပန်းဒန်းမယ်ဝမြို့နယ်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအမျိုးသမီးတစ်ဦးဖြစ်သည့် မဝေမာလင်းနှင့် အခြားအမျိုးသမီးတစ်ဦး လုပ်ငန်းခွင်အတွင်း စကားအချေအတင်များကြရာမှ အခြားအမျိုးသမီးတစ်ဦးက မကျေမနပ်ဖြစ်ကာ အမျိုးသားငါးဦးအား အကြမ်းဖက်တိုက်ခိုက်ရန် စေခိုင်းခဲ့ပြီး အောက်တိုဘာ ၁၈ ရက်က မဝေမာလင်းနှင့်သူမ၏ အမျိုးသား အလုပ်မှအပြန် စောင့်ဆိုင်း၍ အကြမ်းဖက်တိုက်ခိုက်စေခဲ့ကြောင်း မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ ပြောဆိုချက်အရ သိရသည်။

ထိုသို့ အခြားအမျိုးသမီးတစ်ဦးဖြစ်သူက စေခိုင်းမှုကြောင့် မဝေမာလင်းနှင့် သူမ၏ အမျိုးသား မောင်အောင်ဇော်ဝင်းတို့မှာ လူငါးဦး၏ တိုက်ခိုက်မှုကိုခံခဲ့ရပြီး ဆိုးရွားစွာ ဒဏ်ရာရရှိခဲ့ကြကာ အဆိုပါမှုခင်းဖြစ်စဉ်အတွက် မလေးရှားနိုင်ငံရဲများက ဓားဖြင့်ခုတ်သူများထဲမှတစ်ဦး အပါအဝင် ခုတ်ရန်စေခိုင်းသူနှင့် ပါဝင်ပတ်သက်သူ တရားခံအချို့ကို ဖမ်းဆီးထားခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသူများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ထို့အတူ မြန်မာနိုင်ငံသံရုံးမှတာဝန်ရှိသူများမှာ ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိပြီး အမ်ပန်းဆေးရုံသို့ သွားကာ မဝေမာလင်းနှင့်မောင်အောင်ဇော်ဝင်းတို့အား သွားရောက်တွေ့ဆုံအားပေးခဲ့ကြောင်းသိရှိရပြီး တိုက်ခိုက်ခံရသူ မဝေမာလင်းမှာ လက်တစ်ဖက်လုံးဝပြတ်ထွက်၊အခြားလက်တစ်ဖက် ၉၀ ရာခိုင်နှုန်းပြတ်ထွက်(ပြန်ချုပ်ပြီး)၊ ဦးခေါင်းတွင်ဓားဖြင့်နှစ်ချက်အခုတ်ခံရ(ချုပ်ချက်များစွာ)၊ ပါးနှစ်ဖက် ဓားဖြင့်ခုတ်ခံရသည့် ဒဏ်ရာကြီးမား(မေးရိုးပြုတ်ထွက်၊ အလူမီနီယံအစားထိုးရမည်) ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သည်။

မဝေမာလင်း၏ အမျိုးသား မောင်အောင်ဇော်ဝင်းမှာမူ ပြန်လည်ခုခံသောကြောင့် တင်ပါးတွင်ဒဏ်ရာ ရရှိသည်မှလွဲပြီး ကြီးမားသောဒဏ်ရာ မရရှိခဲ့ကြောင်းနှင့် မဝေမာလင်း၊ မောင်အောင်ဇော်ဝင်းတို့နှစ်ဦးစလုံးမှာ ကွာလာလမ်ပူ အမ်ပန်းဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး မဝေမာလင်းအတွက် အရေးပေါ်အနေဖြင့် မေးရိုးဆက်ရန် အလူမီနီယံအစားထိုးရမည်ဖြစ်ပြီး မလေးရှားရင်းဂစ်အများအပြားကုန်ကျခံရမည်ဖြစ်ကြောင်း သိရသည်။

လတ်တလော မေးရိုးအစားထိုးကုသရန်အတွက်တစ်ဖက်လျှင် မလေးရှားရင်းဂစ် ၂၀၀၀ ကျော်၊ နှစ်ဖက်စာအတွက် ၄၀၀၀ ကျော်ကို မပေးနိုင်ဘဲရှိနေကြောင်းနှင့် မဝေမာလင်းအတွက် အလှူငွေများ လိုအပ်လျက်ရှိနေပြီး မလေးရှားရောက်မြန်မာများအနေဖြင့် အလုပ်လုပ်ကိုင်နေကြသူအချင်းချင်း အထူးအကူအညီတောင်းခံလျက်ရှိနေကြောင်း သိရသည်။

အလှူထည့်ဝင်လိုသူများအနေဖြင့် မဝေမာလင်း(အမှတ်-၉၃ သန္တာလမ်း ၅/၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်) နှင့် မောင်အောင်ဇော်ဝင်း(ရှမ်းစုလက်ပံတော သုံးဆယ်မြို့ သာယာဝတီခရိုင်)၊ မလေးရှားနိုင်ငံသုံး ဖုန်း-၀၁၀-၃၆၁၀ ၅၅၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၄ဝ)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးမောင်မောင်အေးပါ (၁၉)ဦးတို့က လျှောက်ထားသည့် ထားဝယ်တိုင်းရင်းသားများပါတီ တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ခုနှစ် အောက်တိုဘာလ (၂၃) ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျွန်တော်ကြက်ဥပုပ်တစ်လုံးဖြစ်နေသလား

ဆွေညီ

ကိုရွှေကိုတော့ ကျွန်တော် တော်တော်လေးကို သဘောကျသွားသည်။

သူ၏ ယခုနောက်ပိုင်း နေထိုင်မှုပုံစံက အစကနဲ့ တော်တော်ကြီး ပြောင်းလဲကွာခြားသွားတာမို့ သူ့ကိုမယုံသင်္ကာနှင့်ကြည့်နေသူများလည်း ရုံးတွင်ရှိနေရာ ယခုလို သူရှင်းပြလိုက်သည်ကို ပြန်ဖောက်သည်ချပြလိုက်လျှင် ကျွန်တော်တို့ တစ်ရုံးလုံးလည်း သူ့အပေါ် အမြင်တွေကြည်လင်ကာ ဆက်ဆံမှု နွေးထွေးသွားမည်ဟု ကျွန်တော်ယုံသည်။

ကိုရွှေအကြောင်းပြောရလျှင် အသက်က (၄၀) ကျော်။ အိမ်ထောင်ပျက် တစ်ခုလပ်။ လုပ်ငန်းခွင်မှာ လုပ်သက် ဆယ့်လေးငါးနှစ်ရှိလာပြီဖြစ်သော်လည်း သူ့အဆင့်က ဒုဦးစီးအဆင့်သာ ရှိသေးသည်။

ကိုရွှေက ပျင်းသည်။ လက်နှိပ်စက်ခေတ်တုန်းကလည်း လက်နှိပ်စက်ကို ရိုက်တတ်ဖို့မကြိုးစားခဲ့သလို အခုလို ကွန်ပျူတာခေတ်တွင်လည်း ကွန်ပျူတာကို ဂိမ်းကစားရုံမှလွဲ၍ စာစီ၊ စာရိုက် ဘာမှလုပ်ကြည့်ဖို့စိတ်မကူး။ စာစောင်တွေဖတ်ပြီး သူသာသိ၊ သူသာတတ်သဘောနှင့် ကလေးကလားအကြောင်း အရာလေးကအစ ပြိုင်ငြင်းမည်၊ ညနေဆိုလျှင် မူးနေမည်၊ လုပ်ငန်းခွင်မှာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းတစ်ခုတက်ဖို့ သူ့နာမည်စာရင်းပေးလျှင် အကြောင်းတစ်ခုခုနှင့် ပျက်အောင်လုပ်မည်။

အလုပ်ခွင်မှာ ကတ်တီးကတ်ဖဲ့လုပ်သည်၊ သီးခြားအလုပ်လေးရှိလို့ အပိုအလုပ်ခိုင်းမိလျှင် သူ့ပဲခိုင်းတယ်၊ အခြားလူတွေကိုတော့ မခိုင်းဘူး၊ အချင်းချင်းနှိပ်ကွပ်တယ်၊ တိုင်မယ်၊ တောမယ်၊ ချဉ်ပေါင်နဲ့ ဝက်သားလဲမယ် ဆိုပြီး ပြောနေတတ်သည်။ အလုပ်မခိုင်းဘဲထားလျှင် သူ့ကို လူရာမသွင်းဘူး၊ သူလည်းလုပ်တတ်တယ်၊ ဘယ်သူနဲ့မဆိုပြိုင်နိုင်တယ်စသည်ဖြင့် ငါ့စကား နွားရပြောတတ်သည်။ မျက်နှာထားကအစ ရိုက်ပေါက်၊ အမြဲသုန်မှုန်နေသည်။

အများနှင့် စုပေါင်းလုပ်ရမည့် အလုပ်တွင်လည်း ရှေသာခိုသည်၊ တစ်ဦးချင်းလုပ်ရသည့် ဂျူတီမျိုးဆိုလည်း ပျက်ကွက်သည်။ လုပ်ဖော်ကိုင်ဖက်ချင်း ညှာတာ၊ ရိုင်းပင်းစိတ် ဘာမျှမရှိ။ အထက်ကို ပစ်စာပို့မည်၊ ကလန်ကဆန်လုပ်မည်။ အလုပ်တွင် သည်လိုလူတွေ ဒီလောက်နှစ်တွေ အကြာကြီးမြဲနိုင်သလားဟု တအံ့တသြမေးလာလျှင် အဲဒီလိုလူတွေ ရှိပါသည်ဟုပင် ဖြေရမည်။ ရပ်ကွက်ထဲ၊ လမ်းထဲမှာလည်း ဘယ်သူမှ ဂရုမစိုက်ဘူးကွဆိုသည့် ပုံစံနှင့်နေသည်။

ထိုကိုရွှေ၊ အနှီကိုရွှေကို အထက်အောက်ဘယ်သူကမှ မနှစ်သက်၊ သည်တော့ အလုပ်တာဝန်ကျေပွန်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ သင်တန်းတက်ထားမှု၊ စာမေးပွဲဖြေဆိုမှု၊ အပေါင်းအသင်းဝင်ဆံ့မှု ဘာတစ်ခုမှမရှိသဖြင့် သူ့လုပ်သက် ဆယ့်လေးငါးနှစ်အတွင်းမှာ ရာထူးအဆင့်က ဘာမှ ပြောပလောက်စရာ မတက်ခဲ့။

ဒါက အရင်ကကိုရွှေဖြစ်သည်။ ပြီးခဲ့သည့် နှစ်လလောက်ကစပြီး ကိုရွှေ တစ်ယောက် အတော့်ကို သိသိသာသာပြောင်းလဲသွားသည်။

ပြုံးပြုံးရွှင်ရွှင်နေလာသည်။ စကားပြောတာ၊ ဆိုတာ နူးညံ့လာသည်၊ ရုံးဆင်းရုံးတက်ချိန် မှန်လာသည်၊ ခိုင်းလိုက်သည့် အလုပ်တွေအပြင် မခိုင်းဘဲ ဝင်ကူလုပ်လာသည်၊ မူးပေါက်မြောက်ပုံစံမျိုးမတွေ့ရတော့။ တိုင်မယ်၊ တောမယ် ဆိုတာမျိုး လေသံဟသည်ကိုပင် မကြားရတော့။ ကွန်ပျူတာစာစီ၊ စာရိုက် ကိုလည်း စိတ်ဝင်တစားမေးမြန်းလာသည်။ စာအုပ်တွေဝယ်ဖတ်ပြီး သင်ယူလေ့ကျင့်လာသည်။ ပြင်ပမှဖွင့်လှစ်သည့် အင်္ဂလိပ်စာသင်တန်းတစ်ခုကိုလည်း ညပိုင်းတက်နေသည်။ ပြီးခဲ့သည့်အပတ်က ဖွင့်လှစ်သည့် ဌာနတွင်း မွမ်းမံသင်တန်းကို လိုလိုချင်ချင်တက်ခွင့်တောင်းပြီး တက်ခဲ့သည်။ သူ့ဂျူတီချိန်တွင် အခန်းတွင်းသန့်ရှင်းရေး၊ ရေအိမ်သန့်ရှင်းရေးကိုပါ လုပ်ခဲ့သည်ဟု သူနှင့် ဂျူတီလဲသည့်သူက ပြန်ပြောပြသည်။

ဘာအချိုးလဲ။ အထက်အရာရှိကြီးက နောက်ဆုံးအကြိမ်အဖြစ် ခေါ်သတိပေးလို့လား၊ ရုံးကို အသစ်ရောက်လာသည့်ဌာနခွဲမှူး အပျိုကြီးမကြောင့်လား၊ ရာထူးတိုးယူချင်လာလို့လား၊. . . လားပေါင်းများစွာဖြင့် သူ့ကို အထက်အောက်က ချီးချီးကျူးကျူးမလုပ်ရဲဘဲ ရှိနေကြသည်။ ကြည့်လေ၊ သူ့ဆယ့်လေးငါးနှစ်လုပ်သက်မှာ သူ့အကြောင်း အားလုံးကသိပြီးသား၊ အကျင့်ပုပ်၊ အကျင့်ယုတ်ဆိုသည့် တံဆိပ်ကြီးက ကပ်လျက်သားဆိုတော့ ဒီလိုပဲရှိသည်။

ပြီးခဲ့သည့်ရက်က ရုံးပိတ်ရက်နံနက်ပိုင်းတွင် လက်တော့ပ်ကွန်ပျူတာ တစ်လုံးယူလာပြီး ကျွန်တော့်အခန်းသို့ ကိုရွှေရောက်လာသည်။ သူလိုချင်သော ဆော့ဖ်ဝဲများထည့်ပေးပြီး သူ့အကြောင်းကို စကားမစပ်မေးမိတော့မှ ကိုရွှေ ပြောင်းလဲသွားခြင်းအကြောင်းကို သိလိုက်ရသည်။

အဲဒီနေ့က လကုန်ခါနီး တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သည်ဟု ဆိုသည်။ စာစောင်လေးငါးစောင်နှင့် စာအုပ်အသစ် တစ်အုပ်ကို ဇိမ်ယူဖတ်နေရင်း၊ ခုတင်ပေါ်တွင် လူးရင်းလှိမ့်ရင်းဖြင့် နံနက် ၁၁နာရီခန့် ဖြစ်သွားသည်တဲ့။ လူက မထချင်သေးသော်လည်း နံနက်စောစောစာ စားချိန်ကိုအတော်ကျော်သွားသည်မို့ ဗိုက်ကသိသိသာသာအစာတောင်းလေပြီ။ ဒီတော့ မျက်နှာအမြန်သစ်ပြီး မီးဖိုချောင်ထဲမှာ ရှာကြည့်တော့ ခေါက်ဆွဲခြောက်ထုပ်တစ်ထုပ်နှင့် ကြက်ဥ တစ်လုံးတွေ့၍ ပျော်သွားသည်တဲ့။ သူက ဖြစ်သလိုနေထိုင်စားသောက်တတ်သူမို့ သူ့မီးဖိုချောင်က တကယ့်ကိုပရမ်းပတာတဲ့။ ကော်ဖီမစ်ထုပ်လက်ကျန်တောင်မရှိ၊ ဘယ်နေ့က ကုန်သွားသလဲ မမှတ်မိ။ အပြင်မှာလည်း နေက ချစ်ချစ်တောက်ပူနေသည်။

ဒီတော့ ရေနွေးကို ကျိုလိုက်ပြီး ခေါက်ဆွဲခြောက်ထုပ်ကို ထည့်လိုက်သည်။ ခဏကြာ ခေါက်ဆွဲကျက်လို့ အနံ့လေးမွှေးလာတော့ ဗိုက်ကလည်း တော်တော်ကို ဂွမ်ဂွမ်ဂွီဂွီမြည်လာသည်ဟု ဆိုသည်။ ဒီပြင်ဆိုရင် ဒီအတိုင်း ခေါက်ဆွဲပြုတ်ကို စားလိုက်မည်သာ။ ကြက်ဥက အသင့်ရှိနေသည်မို့ ခေါက်ဆွဲပြုတ်ထဲ ကြက်ဥထည့်ပြီး အရသာရှိရှိစားလိုက်မည်ပေါ့။

လက်ထဲမှာရှိတဲ့ ကြက်ဥကို ဇွန်းနဲ့ခွဲ၍ ခေါက်ဆွဲပြုတ်အိုးထဲကို ထည့်လိုက်ပြီး ကြက်ဥခွံကို အမှိုက်ပုံးထဲထည့်ဖို့ လုပ်လိုက်တော့ ပထမအနံ့၊ နောက်ကြက်ဥခွံမှာ ကပ်ကျန်နေတဲ့ အနှစ်ရဲ့အမြင်အရ ကြက်ဥပုပ်ကြီး ဖြစ်နေတာကို သိလိုက်ရသည်တဲ့။ ခေါက်ဆွဲပြုတ်အိုးထဲကို ဇွန်းနဲ့အမြန်ဖယ်ဖို့ ကြိုးစားပေမယ့် ကြက်ဥပုပ်အကာနဲ့ အနှစ်တွေက ခေါက်ဆွဲပြုတ်ထဲမှာ ရောသွားပြီ။ ဘယ်လိုမှ လုပ်လို့မမီတော့ဘူးတဲ့။

သူခေါက်ဆွဲပြုတ်အိုးကို ကိုင်ပြီး တဒင်္ဂ ကြက်သေသေသွားတယ်ဆိုပဲ။ ဗိုက်က အရမ်းဆာလောင်နေတဲ့အချိန် တစ်ခုတည်းသော စားစရာက ကြက်ဥပုပ်နဲ့ ရောသွားသည့် ခေါက်ဆွဲပြုတ်။

သူ့အတွေးထဲမှာ အဲဒီအချိန်လေးက တကယ့်ကို ရောရောထွေးထွေး ဖြစ်ခဲ့သည်ဟု ဆိုသည်။ နိုင်ငံနှင့်ချီပြီး တွေးမိသည်။ နောက် သူတို့ရုံး အကြောင်း တွေးမိသည်တဲ့။

နိုင်ငံတော်က အပြောင်းအလဲကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေချိန်မှာ လူတွေအားလုံးက ကြက်ဥပုပ်လို အသုံးမကျဘူးဟု အပြစ်တင်ချင်စိတ် စဝင်မိသည်တဲ့။ နောက် တဖြည်းဖြည်းနဲ့ သူရုပ်လုံးဖော်နေရာက သူ့ကိုယ့်သူ ပြန်မြင်ခဲ့သည်တဲ့။ ငါကိုယ်တိုင် ကြက်ဥပုပ်တစ်လုံးလား။

သူ့ရဲ့အလုပ်မကြိုးစားမှု၊ ရှေသာခိုနေလာမှု၊ အထက်အောက် ဘယ်သူနဲ့မှအဆင်မပြေမှု၊ ကလန်ကဆန်လုပ်မှု၊ ရိုးသားကြိုးစား၊ နိုးနိုးကြားကြားမရှိခဲ့မှု၊ တိုင်စာ၊ ပစ်စာပေးတတ်မှု၊ သိချင်လုပ်ချင်စိတ် ဘာမှမရှိဘဲ အချိန်တွေ ကုန်အောင်သာ နေထိုင်ခဲ့မှုတွေ ပြန်မြင်လာသည်တဲ့။

နောက်ဆုံးရောက်သွားသည့် သူ့အတွေးက သူ့အသက်က (၄၀)ကျော် လောက်သာ ဖြစ်ခဲ့သည်။ သူဟာ အိမ်ထောင်ရေးမှာရော၊ ရုံးမှာရော ဘယ်နေရာမှ မအောင်မြင်၊ ဘာကြောင့်လို့ အရင်ကမတွေးခဲ့၊ မစဉ်းစားခဲ့၊ ငါသာ အမှန်၊ သူများအမှားလို့ ထင်ခဲ့သည်။

အဲဒီအတွေးကနေတစ်ဆင့် သူ့ချို့ယွင်းချက်တွေကို သူကိုယ်တိုင် ပြန်မြင်ပြီး အမြင်မှန်ရလာတာပါဟု ကိုရွှေက သူ့စကားကို အဆုံးသတ်သည်။

သူရလိုက်သည့် သံဝေဂဉာဏ်ခေါ်မလား၊ဘာလား ကျွန်တော်တိတိကျကျ မပြောတတ်။ သို့သော်လည်းကိုရွှေတစ်ယောက် ကိုယ့်အမှားကိုကိုယ်မြင်လာပြီး အခုလို လုပ်ငန်းခွင်မှာ အဆင်ပြေလာတာတွေ့တော့ ကျွန်တော်တို့ တစ်ရုံးလုံးက ပျော်စရာကောင်းလာသည်။ ကျန်သည့် ကတ်တီးကတ်ဖဲ့ နည်းနည်းလောက်ရှိချင်သည့်သူတွေပင် ကိုရွှေ၏အပြောင်းအလဲမှာ စီးမျောပါလာကြသည်။

ဘာပဲဖြစ်ဖြစ်၊ ကိုရွှေကိုတော့ ကျွန်တော်တော်တော်လေးကို သဘောကျသွားသည်။ ။

လမ်းဘေးအစားအစာ အရောင်းဆိုင်များ ကျန်းမာရေးနှင့် ညီညွတ်စွာရောင်းရန် ပညာပေး

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းဘေး အစားအစာရောင်းချနေသော အရောင်းဆိုင်များကို ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းစင်ကြယ်သည့် ရောင်းချမှုမျိုးဖြစ်စေရန် စစ်ဆေး ပညာပေးမှုများ လုပ်ဆောင်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းဘေးဈေးသည်များကို ရောင်းချရန် အတည်တကျခွင့်ပြု ထားခြင်းမရှိသလို ဈေးကောက်ကောက်ခံခြင်းမျိုးလည်း သတ်မှတ်ခွင့်ပြုထားခြင်း မရှိကြောင်း၊ သို့ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်နေသော ဆင်းရဲမှုလျှော့ချရေး ဦးတည်ချက်များအရ စည်းကမ်းထိန်းသိမ်းရေးအပိုင်းမဟုတ်သည့်အချိန် ညနေ ၃ နာရီမှ ည ၈ နာရီအတွင်း ရောင်းချနေကြခြင်းဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

“အဲဒီလို သူတို့ဟာသူတို့ရောင်းနေတယ်ဆိုပေမယ့် ရောင်းတဲ့စားသောက်ဖွယ်ရာတွေဟာ ကျန်းမာရေးနဲ့ညီညွတ်ဖို့ စစ်ဆေးရင်းနဲ့ ပညာပေးတယ်၊ ဒဏ်ရိုက်တာမျိုးတော့ လုပ်တာမရှိပါဘူး” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ ထိုသို့ စစ်ဆေးဆောင်ရွက်မှုကို မြို့တော်စည်ပင်ကျန်းမာရေးဌာနက သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်နေခြင်း ဖြစ်သည်။

စစ်ဆေးရာတွင်လည်း သန့်ရှင်းလတ်ဆတ်စွာဖြစ်စေရန် စနစ်တကျ ဖုံးအုပ်စီမံ၍ ရောင်းချကြရန်၊ အစားအစာများကို တိုက်ရိုက်လက်ဖြင့်မကိုင်ဘဲ စနစ်တကျကိုင်တွယ်လုပ်ဆောင်တတ်ရန်၊ လက်အိတ်၊ တူ စသည်တို့ဖြင့် သုံးစွဲကိုင်တွယ်ခြင်းပြုကြရန်၊ ဆေးကြောသည့်ရေအသုံးပြုမှုစနစ်များ၊ သန့်ရှင်းသော ရေသုံးစွဲမှုများ၊ စားကြွင်းစားကျန်များကို စနစ်တကျထုပ်ပိုးစွန့်ပစ်စေရန်၊ ခေါင်းစည်းရင်ကာ စသည့်သတ်မှတ်ဝတ်စုံများကို ဝတ်ဆင်တတ်ရန် ပညာပေး ဟောပြောမှုများကိုလည်း လုပ်ဆောင်နေလျက်ရှိကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သန်လျင်၌ မော်တော်ယာဉ်မီးလောင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်း မြူနှင်းဝေဝေ တည်းခိုခန်းရှေ့တွင် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ယာဉ်မောင်း ဦးမြင့်အောင် (၅၁)နှစ် ရေနံ့ဝန်ထမ်း အမှတ်(မ/ ၈၂)ဇွဲလမ်း ကျောက်ရေတွင်းကျေးရွာ ဘုရားကုန်းကျေးရွာ အုပ်စု သန်လျင်မြို့နေသူမောင်းနှင်လာသော ထ/. . . TE-11 (အစိမ်းရောင်) ရေနံချက်စက်ရုံပိုင်ယာဉ်သည် စက်ရုံမှ စက်ကန်သို့ သံပြားများ တင်ဆောင်မောင်းနှင်၍ သွားပို့စဉ် ဝါယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါမီးလောင်မှုအား သန်လျင်မြို့နယ်မှ မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ပြီး ယာဉ်မောင်း ဦးမြင့်အောင်တွင် ဒဏ်ရာရရှိသဖြင့် သန်လျင်ဆေးရုံ၌ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် တင်ပို့ကုသထားရပြီး ဦးမြင့်အောင်အား သန်လျင်ရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(သန်းဝင်း-တညင်လေး)**

(၁၄)နှစ်သားကလေး ကြိုးဆွဲချသေဆုံး

နတ်တလင်း အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၌ အောက်တိုဘာ ၂၂ ရက် ည ၁၀ နာရီခွဲတွင် ဒမငယ်ရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ဌေးက မောင်. . . အသက်(၁၄)နှစ်သည် နေအိမ်ရှေ့ဈေးဆိုင်ထဲတွင် ကြိုးဆွဲချသေဆုံးနေကြောင်း ဖုန်းဖြင့် အကြောင်းကြားသဖြင့် တောင်ညို ရဲစခန်း စခန်းမှူး ရဲအုပ်မျိုးမင်းသော်နှင့် အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးပြီး သေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် စုံစမ်းနေကြောင်း သိရသည်။ **(၀၇၁)**

တရားမဝင်ကုန်သွယ်မှုများ အရေးယူဖမ်းဆီး

ပဲခူး အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်း-ဒိုက်ဦးလမ်းဆုံရှိ စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေးအဖွဲ့ (MOBILE TEAM -2) မှ အဖွဲ့ခေါင်းဆောင် ဦးစိန်ကြည်ဦးစီးပြီး တရားမဝင် ကုန်သွယ်မှုများကို ဖမ်းဆီးအရေးယူလျက်ရှိရာ အောက်တိုဘာ ၈ ရက်မှ ၁၉ ရက်အထိ ပိုင်ရှင်မဲ့အဖြစ်အရေးယူမှု တစ်မှု၊ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူမှု ခြောက်မှု၊ အမျိုးသားဆေးဝါးအက်ဥပဒေဖြင့် အရေးယူမှု တစ်မှုနှင့် အကောက်ခွန်ဥပဒေဖြင့် အရေးယူမှု တစ်မှု စုစုပေါင်းအရေးယူမှု ကိုးမှုဖြစ်ပြီး စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၈၇၃၇၂၆၀၀ ဖြစ်ကြောင်း သိရသည်။

(ဌေးနိုင်-ပဲခူး)

ဆေးလိပ်မီးညှိရာမှ ဓာတ်ဆီထည့်သည့် ဆိုင်ကယ် မီးလောင်

မိတ္ထီလာ အောက်တိုဘာ ၂၃

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၈) အောင်မြေလမ်းတွင် အောက်တိုဘာ ၂၁ ရက် ည ၁၁ နာရီက အောင်မြေလမ်းနေ ဒန်အိုးဒန်ခွက်ရောင်းဝယ်သူ မင်းမင်း(၃၆)နှစ်သည် ဆိုင်ကယ်ဓာတ်ဆီထည့်ရန်အတွက် အိမ်တွင်ရှိသည့် အောက်တိန်းဓာတ်ဆီပုလင်းကိုယူ၍ ဆိုင်ကယ်အတွင်း လက်ဝဲလက်ဖြင့် ဆီဖြည့်ပြီး ပါးစပ်တွင် ကိုက်ထားသော ဆေးလိပ်အား ဂက်စ် မီးခြစ်ဖြင့် ဆေးလိပ်မီးညှိရာမှ အောက်တိန်းဓာတ်ဆီများ ကိုယ်ပေါ်ဖိတ်၍ ရုတ်တရက် လက်ကို မီးလောင်ခဲ့သည်။ မီးလောင်လျှင်လောင်ချင်း ရပ်ကွက်သို့ အော်ဟစ်အကူအညီတောင်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချောနှင့် ရပ်ကွက်နေ ပြည်သူများ ရောက်ရှိလာပြီး ရေဖြင့်ဝိုင်းလောင်းရာ မီးမှာ ချက်ချင်းငြိမ်းသွားသည်။ မင်းမင်း၏လက်နှစ်ဖက်စလုံး မီးလောင်ဒဏ်ရာများ ရရှိသွားသဖြင့် မိတ္ထီလာဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ထားကြောင်း သိရသည်။

(တင်လှိုင်-မိတ္ထီလာ)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို တင်သွင်း

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **ဆည်၊ ကန်၊ တာတမံများ၌ ဆည်မြောင်းနယ်နိမိတ်အတည်ပြု ပြဌာန်းပေးရန် နေပြည်တော်ကောင်စီနယ်မြေကဲ့သို့ အမျိုးအစားအကျယ်အဝန်းအလိုက် ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံနှင့်ဆက်စပ်ရေပေးတူးမြောင်းများ၊ ရေနုတ်မြောင်းများ၊ ရေထိန်းတံခါးများ၊ ရေပေးပြွန်များနှင့် တူးမြောင်းပေါ်ရှိ တံတားများ စသည်တို့ကို ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသောအဆောက်အအုံများအဖြစ် သတ်မှတ်ကြော်ငြာမှုများပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြန့်ဝေအကြောင်းကြားမှုများဆောင်ရွက်ပါကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းဦးစီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးအတွင်းရှိ ရေလှောင်တမံနှင့် ဆက်စပ်ရေပေးတူးမြောင်းများ၊ ရေထိန်းတံခါးများ၊ ရေနုတ်မြောင်းများ၊ ရေပေးပြွန်များနှင့် တူးမြောင်းပေါ်ရှိတံတားများစသည်တို့အတွက် နယ်နိမိတ်အတည်ပြုပြဋ္ဌာန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** တို့ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာများကို ကော်မတီဝင်များဖြစ်ကြသော ဦးခင်မောင်ရွှေနှင့် ဦးစိုးစိုးတို့က တင်သွင်းခဲ့ကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က"အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဟာ ကျန်းမာရေးဝန်ကြီးဌာနက တင်သွင်းတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အဓိကကတော့ ပြစ်ဒဏ်အပိုင်းတွေမှာ ခေတ်နဲ့အညီဖြစ်အောင်ဆိုပြီး ပြင်ဆင်တာဖြစ်ပါတယ်။ ပထမဆုံးအမျိုးသားလွှတ်တော်မှာ ဝန်ကြီးဌာနကပေးပို့တဲ့အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း ဝန်ကြီးဌာနရဲ့ပြင်ဆင်ချက်အတိုင်း လက်ခံသင့်တယ်လို့ အစီရင်ခံစာတင်သွင်းတာဖြစ်ပါတယ်။ ခေတ်ကာလအခြေအနေနဲ့ အချိန်ကာလကိုမူတည်ပြီး အချို့ဥပဒေတွေကို ပြင်ဆင်ရ၊ ဖျက်ရတာ လွှတ်တော်ကာလမှာ အမြဲတမ်းလုပ်နေရတဲ့ အလုပ်ပဲဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၈)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဦးသန်းမြင့်
ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ်။

ဦးခင်မောင်ရွှေ
တမူးမြို့နယ်မဲဆန္ဒနယ်။

ဦးစိုးစိုး
ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်။

အမျိုးသားလွှတ်တော်အစည်းအဝေး

အင်ဂျင်နီယာပညာရေးစနစ်ကို အဆင့်မြင့်မားစေရန်အတွက် ရှာဖွေဆောင်ရွက်သွားကြရမည်

နေပြည်တော် အောက်တိုဘာ ၂၃

အမြတ်အစွန်းတစ်ခုကိုသာ ကြည့်ရှုဆောင်ရွက်ခြင်း၊ ပြည်သူလူထုတင်ပြချက်အပေါ် ဂရုစိုက်ခြင်းမရှိဘဲ တာဝန်ယူလုပ်ကိုင်သည့် ကုမ္ပဏီအနေဖြင့် မိမိအမြတ်အစွန်းရရှိရေးကိုသာ ဦးစားပေးလုပ်ဆောင်သွားသည်ကို အစီရင်ခံစာတွင်တွေ့ရှိရပါကြောင်းဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ် နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက် သုံးသပ်ချက်များအပေါ် အရေးယူပြုပြင်လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (၁၁)မြို့နယ်မှ ကျေးလက်လမ်း၊ တံတားပါဆောင်ရွက်ရမည့် စာချုပ်ပါလုပ်ငန်းကာလမှာ(၂)လဖြစ်ပါကြောင်း၊ သတ်မှတ်ကာလပြီးစီးအောင် မဆောင်ရွက်နိုင်ပါက စပေါ်ငွေကို ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းခံရမည်ဖြစ်သော်လည်း စပေါ်ငွေကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရခြင်း မတွေ့ရသည့်အပြင် နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း လုပ်ငန်းပြီးစီးမှု (၆၀)ရာခိုင်နှုန်းသာရှိသော်လည်း လုပ်ငန်းတန်ဖိုး၏ (၈၀)ရာခိုင်နှုန်းဖြစ်သော ကျပ်သန်းပေါင်း(၃၃၈ ဒသမ ၇၄၄) ထုတ်ပေးထားသည်ကိုတွေ့ရပါကြောင်း၊ စာချုပ်ပါလုပ်ငန်းကာလတွင် ၃၁-၃-၂၀၁၃ ရက်ဖြစ်သော်လည်း ၁၅-၆-၂၀၁၃ ရက်အထိ လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်မည်ဟု သက်ဆိုင်ရာထံသို့ အကြိမ်ကြိမ်တင်ပြထားခဲ့သော်လည်း အစီရင်ခံစာပါသည့်နေ့တိုင်အောင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီ၏ အဓိပ္ပာယ်သည် လူထုအုပ်ချုပ်သောစနစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါကြောင်း၊ နိုင်ငံတော်သမ္မတကလည်း လူထုဗဟိုပြုအုပ်ချုပ်မှုစနစ်အောင်မြင်စေရေးအတွက် ဒုတိယဝန်ကြီးများအား ဥက္ကဋ္ဌတာဝန်ပေးပြီး Deliver Unit များ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ကထားရှိသော စေတနာကို ပြည်သူလူထု အကျိုးခံစားနိုင်ရေးအတွက်များစွာလိုအပ်ပါကြောင်း၊ အဆိုပါကုမ္ပဏီကဲ့သို့ အလားတူ ကိစ္စများမဖြစ်ပေါ်စေရန် ကြိုတင်စီမံချက်များလုပ်ဆောင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးကလည်း နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီသို့ တိုင်ကြားစာမပို့ခင်ကပင် ကုမ္ပဏီသည် လုပ်ငန်းများမနိုင်မနင်းဖြစ်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်းမရှိခြင်း၊ ဦးစီးကွပ်ကဲသူများ၏ ငွေကြေးအလွဲသုံးစားလုပ်ခြင်းတို့ကြောင့် အချိန်မီပြီးစီးမှုမရှိခဲ့ပါကြောင်း၊ အဆိုရှင်သည် နိုင်ငံတော်ကချမှတ်ပေးထားသော ရန်ပုံငွေများအပေါ် စနစ်တကျသုံးစွဲနိုင်အောင် ထောက်ပြသွားခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း အချိန်ရသည့်အခါတွင် လုပ်ငန်းခွင်များအထိ သွားရောက်လေ့လာခဲ့ပြီး အပြုသဘောဆောင်သည့် အကြံပြုချက်များကို တင်ပြရခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့ဘဏ္ဍာအမြောက်အမြားနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်၍ ယခုကဲ့သို့ကုမ္ပဏီမျိုးကို နောက်နောင်ထပ်မံချထားပေးခြင်းမျိုး မပြုလုပ်ကြပါရန်နှင့် ယခုနှစ်ရန်ပုံငွေများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများဖြစ်သော လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး ပုဂ္ဂိုလ်ရေးကို ရှေ့တန်းမတင်တတ်သော တိုင်းပြည်အကျိုးအတွက် ကိုယ်ကျိုးနည်းနည်းဖြင့်ကြည့်တတ်သည့် လုပ်ငန်းရှင်များကိုသာ ချထားပေးရန်လိုအပ်ပါကြောင်း၊ တင်ဒါစနစ်ကိုလည်း သန့်သန့်ရှင်းရှင်း မှန်မှန်ကန်ကန်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **အဆင့်မြင့်နည်းပညာတက္ကသိုလ်များ** (Centres of Excellence)**ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာပုံဖော်မည့်အစီအစဉ်**(Realistice Scenario)**ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်က ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ကူးပြောင်းခါစ မိမိတို့နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရန် အရေးကြီးလိုအပ်ပါကြောင်း၊ ယင်းသို့တိုးတက်ရန်ဆိုပါက အင်ဂျင်နီယာများ၏ နည်းပညာအတတ်ပညာများ အရည်အသွေးမြင့်မားရန်မှာ အရေးပါသည့်အခန်းကဏ္ဍတွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများသည် စက်မှုကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အင်ဂျင်နီယာပညာရေးစနစ်ကို အဆင့်မြင့်မားစေရန်အတွက် ရှာဖွေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့အတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးတိုးတက်ရန်နှင့် နိုင်ငံတော်တည်ဆောက်ရန်အတွက်ဆိုလျှင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် နည်းပညာရှိရန်နှင့် ပညာရှင်များ မွေးထုတ်အသုံးချတတ်ရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ မှစ၍ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရခြင်းမှာ နည်းပညာချွတ်ယွင်းလိုအပ်မှုကြောင့်ဖြစ်သည်ကို လူတိုင်းသိရှိပြီးသားဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးကို လိုက်မမီနိုင်ဘဲနောက်ကျကျန်ရစ်ခဲ့ကြောင်း၊ ယင်းအချက်မှာ နည်းပညာအသုံးချမှုနှင့် ပညာရှင်မွေးထုတ် အသုံးချမှု Human Resources အပေါ် အဓိကလိုအပ်ချက်တစ်ချက်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်းပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် အဆိုတင်သွင်းသည့်ရက်မပါ (၂၁)ရက် စောင့်ဆိုင်းပြီးမှသာ ယင်းအဆိုကို လွှတ်တော်၏ ဆုံးဖြတ်ချက်ရယူမည်ဖြစ်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

ဦးပေါ်လျံလွင်
ချင်းပြည်နယ်မဲဆန္ဒနယ်။

ဦးအောင်ချိုဦး
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်။

ဦးစတီဗင်သာဘိတ်
ချင်းပြည်နယ်မဲဆန္ဒနယ်။

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင် ၁၇၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဗုဒ္ဓဘာသာပညာရေးစင်တာမှ ဆရာတော်ဦးသောဘိတ ဦးဆောင်သော IBEC- English Access Micro- Scholarship ကျောင်းသား ကျောင်းသူ ၁၂၆ ဦးနှင့် UNICEF, Youth Trip Organizing Committee မှ ဒေါက်တာဒေါ်အေးအေးရီ ဦးဆောင်သောအဖွဲ့ဝင် ၂၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၂၈ ကို ပယ်ဖျက်ရမည်။

၃။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပါရှိသော ပုဒ်မ ၂၉ နှင့် ၃၀ တို့ကို ပုဒ်မ ၂၈ နှင့် ၂၉ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင်ပါရှိသော ပုဒ်မ ၂၃ နှင့် ၂၄ တို့ကို ပုဒ်မ ၂၂ နှင့် ၂၃ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၈ ကိုပယ်ဖျက်ရမည်။

၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင်ပါရှိသော ပုဒ်မ ၁၉နှင့် ၂၀ တို့ကို ပုဒ်မ ၁၈ နှင့် ၁၉ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၈ ကို ပယ်ဖျက်ရမည်။

၃။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင်ပါရှိသော ပုဒ်မ ၁၉ နှင့် ၂၀ တို့ကို ပုဒ်မ ၁၈ နှင့် ၁၉ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေတွင် ပါရှိသော ပုဒ်မ ၁၅ နှင့် ၁၆ တို့ကို ပုဒ်မ ၁၄ နှင့် ၁၅ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ကုန်သေတ္တာတင်ယာဉ်တိမ်းမှောက်

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၆)လမ်းအနီးရှိ ကွန်ကရစ် ကမ်းနားလမ်းသစ်ပေါ်တွင် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ကုန်သေတ္တာတင်ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကွန်ကရစ် ကမ်းနားလမ်းသစ်ပေါ်တွင် အလုံဘက်မှ ဗိုလ်တထောင်ဘက်သို့ အသွားဘက်ခြမ်း၌ ကုန်သေတ္တာတင် ယာဉ် ၁၄ ဘီး ၆က/....ဖူဆိုယာဉ်တစ်စီးသည် လမ်းယာဘက်သို့ တိမ်းမှောက်ကာ ဘေးတွင် ကာရံထားသော အုတ်တံတိုင်းနှင့် တိုက်မိပြီး တိမ်းမှောက်သွားခြင်း ဖြစ်သည်။

"အရှိန်နဲ့ မောင်းလာပြီးတော့ အခုလိုမှောက်သွားတာ၊ အုတ်တံတိုင်း အတွင်းဘက်မှာ ရှိတဲ့သူတွေ တောင်မှ ဒဏ်ရာရသွားတာတွေ ရှိတယ်"ဟု ဖြစ်ပွားရာအနီး ဆန်စပါးကုန်စည်ဒိုင်သို့လာသော ဆန်ကုန်သည်တစ်ဦးက မြင်တွေ့ရသည့် အခြေအနေကို ပြောပြသည်။

ထိုဖြစ်စဉ်ကြောင့်ဆန်စပါးကုန်စည်ဒိုင်ဖွင့်ချိန်တွင် အနီး၌ ဈေးရောင်းချပြီး နေ့လယ်ခင်းဈေးသိမ်းကာ ပြန်လေ့ရှိသည့် ဈေးသည်အမျိုးသမီးတစ်ဦးလည်း အပြင်းအထန်ဒဏ်ရာ ရသွားကြောင်းသိရသည်။ "ကျွန်မတို့က ဒီကုန်စည်ဒိုင်နားမှာ ဈေးရောင်းတာ၊ မနက်ပိုင်းရောင်းပြီး နေ့ခင်းပိုင်းမှာ ဆိုင်သိမ်းပြန်ကြတာ၊ ဆိုင်သိမ်းနေတုန်း အခုလိုဖြစ်တာ၊ ဒေါ်လှလှညွန့်ကတော့ ခေါင်းထိသွားတယ်၊ သူ့ကလေးနှစ်ယောက်လည်း နည်းနည်းထိသွားတယ်။ ကလေးတွေကတော့ မစိုးရိမ်ရဘူး၊ နောက်တစ်ယောက်က ဖျာပုံကနေ ဆေးလာကုတဲ့ ကိုရဲစိုးက ခြေထောက် နည်းနည်းထိသွားတယ်" ဟု အဆိုပါ ဖြစ်ပွားရာအနီးတွင် ဆိုင်သိမ်းနေသည့် အမျိုးသမီး တစ်ဦးက ရှင်းပြသည်။ ထိုကုန်သေတ္တာယာဉ်၏ ခေါင်းခန်းတွင် ယာဉ်မောင်း အပါအဝင် သုံးဦး ပါလာသည်ဟု သိရပြီး တစ်ဦးကို ပတ်ဝန်းကျင်မှ တာဝန်သိပြည်သူများက ဆိပ်ကမ်းမြို့နယ်ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း၊ ကျန်နှစ်ဦးမှာ လတ်တလောတွင် တိမ်းရှောင်နေကြောင်း သတင်းစုံစမ်းရာမှ သိရသည်။

ထိုနေရာ အနီးတစ်ဝိုက်တွင် ကုန်သေတ္တာတင် ယာဉ်များနှင့် ပတ်သက်၍ မတော်တဆဖြစ်စဉ်များ ဖြစ်ပွားမှုများတွင် ယခုဖြစ်စဉ်သည် ၂၀၁၃ ခုနှစ်အတွင်း တတိယမြောက် ဖြစ်စဉ်တစ်ခု ဖြစ်ကြောင်း သိရသည်။

(၆၈၀)

မြို့တွင်း မိုင် ၃၀ ထက် ပိုမမောင်းရ

○ သီလဝါစီမံကိန်းမှ

ဦးကျော်ဝင်းတို့သာ ကျန်ရှိတော့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ဒေါ်မိမိအောင်က ပြောသည်။

"ဒီစီမံကိန်းအတွက် မြေနေရာ ပြောင်းရွှေ့ပေးဖို့ ခုဆိုရင် ၉၈ ရာခိုင်နှုန်းလောက်က လက်ခံပြီး နေပါပြီ။ မြေပိုင်ဆိုင်မှုတွေ အိမ်ပိုင်ဆိုင်မှုတွေရကြမယ်ဆိုတော့ မြင်တဲ့ အတိုင်းပဲ။ ဒေသခံတွေ အားလုံးရဲ့ မျက်နှာတွေက ပြုံးပျော်နေကြပါတယ်။ လျှပ်စစ်မီးရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးကနေပြီးတော့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(YESB)ကို ကမ်းလှမ်းထားပါတယ်။ ပါမစ်ချပေးပြီးတာနဲ့ ကျောက်တန်းမြို့နယ်ကနေပြီး လျှပ်စစ်မီး အမြန်ဆုံးရအောင် လုပ်ပေးဖို့ ညှိနှိုင်းထားပါတယ်။ မီတာရတဲ့အထိပေါ့။ လက်နှိပ်တုံကင် ခြောက်လုံး လုပ်ပေးမယ်၊ ရေလည်း ကောင်းတယ်၊ သွားကြည့်ပြီးပြီ။ ကျွန်မက volunteer အနေနဲ့ ဒေသခံတွေအားလုံး အဆင်ပြေအောင် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ပေးတာပါ။ သူတို့ကို ဒီအတိုင်း ပစ်ထားလို့မရဘူး။ သူတို့ဘဝတွေ တည်တည်ငြိမ်ငြိမ် ဖြစ်လာဖို့အတွက် အသက်မွေးဝမ်းကျောင်းနဲ့ဆိုင်တဲ့ သင်တန်းတွေပေးရဦးမယ်" ဟု ဒေါက်တာသန်းသန်းသွယ်က ဆိုသည်။

သီလဝါအထူးစီးပွားရေးဇုန်မှ နေ၍ မြိုင်သာတိုးချဲ့ရပ်ကွက်သို့ ပြောင်းရွှေ့မည့် ဒေသခံများသည် ပြောင်းရွှေ့စရိတ် တစ်သိန်းခွဲနှင့် ၂၅ ပေ × ပေ ၅၀ ခြံဝင်းခတ်ပြီးသား မြေကွက်ရရှိမည့်အပြင် ၁၂ ပေ × ၁၆ ပေ အုတ်ဖိနပ်ခံသွပ်မိုး၊ ပျဉ်ခင်း၊ ရေလောင်းအိမ်သာများပါ ပြန်လည် နေရာချထားရေး ကော်မတီက ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး မိမိအစီအစဉ်ဖြင့် ဆောက်လုပ်လိုသူများအနေဖြင့် ပြောင်းရွှေ့စရိတ် အပါအဝင် ၂၆ သိန်းခွဲရရှိမည်ဟု သိရသည်။

"ငွေကို ဒီလ ၂၉ ရက်က စပြီးပေးမယ်။ ပထမအရစ် ၁၄ သိန်းခွဲ၊ တိုင်ထောင်အမိုးမိုးပြီးတာနဲ့ဒုတိယအရစ် ခုနစ်သိန်း၊ တတိယအရစ် ငါးသိန်းဆိုပြီးပေးမှာပါ။ ခြံစည်းရိုးလည်းပြန်လည်နေရာချထားရေး ကော်မတီကလုပ်ပေးမှာပါ။ ပိုက်ဆံပေးတဲ့ခေါင်းစဉ်အောက်မှာ မပါပါဘူး။ နေရာသစ်ကို ရောက်ပြီ၊ အခြေချပြီးပြီဆိုတာနဲ့ အသက်မွေးဝမ်းကျောင်းအတွက် နစ်နာကြေးတွေ ပေးမှာပါ" ဟု ဒေါ်မိမိအောင်က ပြောသည်။

လက်ရှိအချိန်အထိ ပြန်လည် နေရာချထားရေး ကော်မတီ၏ ဆောက်လုပ်မှုဖြင့် နေထိုင်မည့် အိမ်ခြေ ၁၇ လုံးရှိကာ ကျန်အိမ်များမှာ မိမိတို့၏ အစီအစဉ်များဖြင့် ဆောက်လုပ်နေထိုင်မည်ဟု သိရသည်။

သီလဝါစီးပွားရေးဇုန် အလွမ်းဆွတ်ရွာမှ မြိုင်သာယာသို့ပြောင်းရွှေ့နေထိုင်မည့် မတင်ဇာလွင်က "ကျွန်မကတော့ သူတို့ဆောက်ပေးတာပဲ ယူမယ်။ ကွမ်းစိုက်တယ်၊ သီလဝါမှာနွားမွေးတယ်၊ ကွမ်းသုံးထောင်အတွက် လျော်ကြေးခြောက်နှစ်စာနဲ့ နွားတွေအတွက် လျော်ကြေးရပါတယ်။ ဈေးရောင်းစားမယ်။ မြိုင်သာယာကို အမျိုးသားကတော့ သွားကြည့်ပြီးပြီ" ဟု ဆိုသည်။

သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် တည်ဆောက်ရာတွင် ဒေသခံများနှင့် ယခုကဲ့သို့ ပြေလည်မှုရရှိခြင်းကြောင့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကာ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်လည်ပတ်နိုင်တော့မည်ဖြစ်သည်။ ထိုစီမံကိန်းကြောင့် ဒေသခံများနှင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ မြန်မာနိုင်ငံ၏ ပို့ကုန်များလည်း အထူးမြင့်မားလာမည်ဖြစ်သည်။

ရဲခေါင်ညွန့်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ပါပြဋ္ဌာန်းချက်အရမြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းအား ၎င်း၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ ကျောဖုံးမှ

လွိုင်ကော်မြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ရရှိသည့် နှစ်ဖက်အဖွဲ့ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးထားသောအချက်(၆)ချက်ပါ အစည်းအဝေးဆုံးဖြတ်ချက်ကို နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြု အပြန်အလှန်လဲလှယ်ကြပြီး**(အပေါ်ပုံ)** စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဟိုတယ်လုံခြုံရေးသင်တန်းဖွင့်

တောင်ကြီး အောက်တိုဘာ ၂၃

ပြည်ထဲရေးဝန်ကြီးဌာနက ဧည့်သည်များအား ပိုမိုစောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီးTourist Police Force များ ဖွဲ့စည်းပေးထားသကဲ့သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကလည်း တည်းခိုသူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် လုံခြုံရေးအသိပညာများ မြင့်မားလာစေရန် ရည်ရွယ်ပြီး တောင်ကြီးဟိုတယ်ဇုန်ရှိ ဟိုတယ်အသီးသီးမှ ဝန်ထမ်းများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အထက(၁) ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပခဲ့ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားခဲ့ကာ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ထွန်းနှင့် ဒုရဲမှူးကြီးလှိုင်တင့်တို့က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ ကလောဒေသမှ ဟိုတယ်ဝန်ထမ်း ၁၉၀ ခန့် တက်ရောက်ခဲ့ပြီး သင်ကြားမည့်ဘာသာရပ်များမှာ လုံခြုံရေးဘာသာရပ်၊ မှုခင်းဘာသာရပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ မိုင်းရှင်းလင်းရှာဖွေရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံသဘောတရားများ၊ အခင်းဖြစ်နေရာအား ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ လုံခြုံမှုလေ့လာခြင်းနှင့် စာရွက်စာတမ်းလုံခြုံရေး၊ အမှုထမ်းလုံခြုံရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ အကြောင်းအရာများအား အောက်တိုဘာ ၂၅ ရက်အထိ တစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

(ဂ)ကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲတော်နှင့် နိုင်ငံခြားရုပ်ရှင်ပွဲတော်များ

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အိန္ဒိယရုပ်ရှင်ပွဲတော်၊ ဂျပန်ရုပ်ရှင်ပွဲတော်၊ တရုတ်ဥရောပရုပ်ရှင်ပွဲတော်၊ အာဆီယံရုပ်ရှင်ပွဲတော်၊ ကိုရီးယားရုပ်ရှင်ပွဲတော်တို့ကို နဝဒေးရုပ်ရှင်ရုံ၊ သမ္မတရုပ်ရှင်ရုံ၊ နေပြည်တော်ရုပ်ရှင်ရုံ၊ ဂျွန်းရှင်းမော်တင်၊ မန္တလေးမြို့တော် ရုပ်ရှင်ရုံများ၌ နှစ်စဉ် အစဉ်အလာမပျက် လှည့်လည်ဆင်နွှဲကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါ၏။

ယခင်ကဆိုပါလျှင် အိန္ဒိယရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ အိန္ဒိယသံအမတ်ကြီးခြံဝင်းအတွင်း၌ နှစ်စဉ်မပျက် ကျင်းပခဲ့ပြီး ထိုစဉ်က အကယ်ဒမီကျော်ဟိန်း (ယခုဘုန်းတော်ကြီး ဆရာတော် အရှင်ဦးကိတ္တိသာရ)၊ အသိ၊ သတိစာအုပ်ရေးသားသူ စာရေးဆရာ ဦးပဥ္စင်းကျော်ဟိန်း၊ အကယ်ဒမီ ဝါဝါဝင်းရွှေ၊ အကယ်ဒမီ ခင်သန်းနု)စသူတို့က အိန္ဒိယရုပ်ရှင်ပွဲတော်ကို အဖွင့်မိန့်ခွန်း အင်္ဂလိပ်လိုပြောကြားကာ နှုတ်ခွန်းဆက်ပြီးမှသာ ဖွင့်လှစ်ပေးခဲ့ကြဖူးသည့် အစဉ်အလာရှိခဲ့ဖူးပါသည်။ အိန္ဒိယရုပ်ရှင်ပွဲတော်ကို အိန္ဒိယသံအမတ်ကြီး၏ ခြံဝင်းအတွင်း၌သာ တစ်ပတ်ဆယ်ရက်ခန့် ဆက်လက်ကျင်းပခဲ့ကြပြီး နောင်အခါတွင်မှ ရန်ကုန်-နေပြည်တော် ရုပ်ရှင်ရုံသို့ အိန္ဒိယရုပ်ရှင်ပွဲတော်ကို ပြောင်းရွှေ့ကျင်းပခဲ့သည်ကို တွေ့မြင်ကြည့်ရှုခဲ့ကြရပေတော့သည်။ ယခုအခါတွင်မူ နှစ်စဉ်မပျက် ဆင်နွှဲကျင်းပခဲ့သော ကိုရီးယားရုပ်ရှင်ပွဲတော်ကြီးကို ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ (၈)ကြိမ်မြောက် ရုပ်ရှင်ပွဲတော်အဖြစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပတော့မည်ဖြစ်ကြောင်း သိရှိရသည်။ ယခင် ၂၀၀၅ ခုနှစ်မှ စတင်ကာ ကိုရီးယားရုပ်ရှင်ပွဲတော်ကျင်းပရန် ရန်ကုန်မြို့သို့ ကိုရီးယားမင်းသား၊ မင်းသမီး၊ ကင်မရာမင်း၊ ဒါရိုက်တာ၊ အကဲဖြတ်အနုပညာရှင်များဖြစ်ကြသော ချွဲခွာနူး၊ ဘော်ဘီဗောက်စာ၊ ပတ်ဘိုရန်း၊ ဆပ်ကင်းဝမ်၊ လီရန်းအွန်၊ ကင်မ်အန်ဂျူး၊ ဆောင်အီဂွတ် (ပင်လယ်ပျော်မင်းသား သူရဲကောင်းဂျူမုံ)၊ လီဟားနား၊ ချောင်ကျွန်းဟိုင်နင်၊ ချေဂွန်အန်းတို့တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြပြီး ယခုနှစ်တွင်လည်း ကိုရီးယားရုပ်ရှင်ပွဲတော်ဖွင့်ပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ သံအမတ်ကြီးများနှင့် သတင်းစာဆရာများ တွေ့ဆုံမိတ်ဆက် ညစာစားပွဲကိုပါ ဆက်လက်ကျင်းပဦးမည်ဖြစ်ကြောင်း ထပ်လောင်းသိရှိရသည်။

(အိုးဝေခင်မောင်ကွန့်)

● မန္တလေးမြို့မှ

အိမ်ငှားများမြို့တွင်းတွင် ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အငှားသွက်လျက်ရှိပြီး လမ်းမကြီးများတွင် ပေ ၂၀ × ပေ ၆၀ တိုက်ခန်း တစ်ခန်းလျှင် တစ်လ ငှားရမ်းခ ကျပ်ငါးသိန်းဝန်းကျင်ရှိပြီး နှစ်ချုပ်ငှားရမ်းကြသည်။ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း တောင်ဘက် လုံးချင်းခြံဝင်းကျယ်တိုက်များမှာလည်း တစ်လကျပ် ၁၀ သိန်း၊ ၁၅ သိန်းဝန်းကျင်ဖြင့် နယ်စပ်ဒေသမှ လာရောက်သော ကျောက်ကုန်သည်များက ငှားရမ်းကြကာ အထူးနှစ်သက်ပြီး အငှားသွက်ကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

နယ်များမှလာရောက်လုပ်ကိုင်သူများက ချမ်းမြသာစည်မြို့နယ်အတွင်း မြရည်နန္ဒာ၊ ကံသာယာ၊ ဈောထွန်း ရပ်ကွက်များတွင် တစ်လကျပ်တစ်သိန်းအောက်ဈေးဖြင့် ငှားရမ်းနေထိုင်ကြကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ကျောက်မဲဘူတာအဝင် ရထားလမ်းချော်မှုဖြစ်ပွား

ကျောက်မဲ အောက်တိုဘာ ၂၃

မန္တလေးဘူတာမှ လားရှိုးသို့ ထွက်ခွာလာသော လူစီးရထားသည် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ကျောက်မဲဘူတာအဝင် မိုင်တိုင်အမှတ် (၄၈၉/၁၁-၁၃) ကြားအရောက်၌ လူစီးရထားတွဲ(၅)တွဲ လမ်းချော်သွားသည်။ (အောက်ပုံ)

လမ်းချော်သွားသည့် လူစီးတွဲ(၅)တွဲမှာ ၁၂၅၅၇၊ ၁၂၅၆၃၊ ၁၂၁၂၃၊ ၁၂၅၄၇၊ ၁၂၅၄၆ တွဲတို့ဖြစ်ပြီး စက်ခေါင်းမောင်း ဦးသန်းလွင်၊ ဦးထွန်းအောင်ကျော်တို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် D.F 2048 မန္တလေး-လားရှိုးအဆန်ဖြစ်ပြီး ရထားတွဲထိန်းမှာ ဦးအေးဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် ခရီးသည်များကို ဆက်လက်ထွက်ခွာနိုင်ရေးအတွက် ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မဲဘူတာရုံပိုင်လေး ဦးစန်းဝင်းဘိုနှင့် အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် အဖွဲ့တို့က စီစဉ်ဆောင်ရွက်ပေးကြသည်။

လမ်းချော်နေသော တွဲများကို အချိန်မီ ပြုပြင်နိုင်ရေးအတွက် လမ်းဗိုလ်ကြီး ဦးစိန်မောင်၊ ရုံပိုင်လေး ဦးစန်းဝင်းဘိုတို့က သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်လျက်ရှိပြီး ခရီးသည်များထိခိုက်မှု မရှိကြောင်း သိရသည်။

(၅၆၃)

သတင်းဓာတ်ပုံမြင်ကွင်း

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကွန်ကရစ်ကမ်းနားလမ်းသစ်နှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းဆုံမီးပွိုင့်၌ အောက်တိုဘာ ၂၃ ရက် ည ၇ နာရီခန့်က ကုန်သေတ္တာတင်ယာဉ်နှစ်စီး ပြိုင်မောင်းရာမှ တိုက်မိမှုဖြစ်ပွားသည်ကို တွေ့ရစဉ်။

(ထက်ခိုင်-စမ်းချောင်း)

ဖတ်စရာမှတ်စရာ

နေဦးမောင်(ပခုက္ကူ)

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အနာဂတ်

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောလူဦးရေ သန်း ၆၀ ရှိသည်ဟု ဆိုပါသည်။ လူဦးရေသန်း ၆၀ ရှိသော်လည်း စာဖတ်သူဦးရေသည် တစ်သိန်းဝန်းကျင်ခန့်သာရှိနိုင်ပြီး စာအုပ်ဝယ်ယူဖတ်ရှုသူ တစ်ထောင်အောက် လျော့နည်းနေရာ မြန်မာနိုင်ငံ၏ အနာဂတ်ကာလသည် စိုးရိမ်ဖွယ်ရာရှိနေပါသည်။ ပခုက္ကူမြို့နယ် သတင်းစာဆရာအဖွဲ့သည် စာမဖတ်သူပပျောက်ရေးအတွက် ၂၀၁၂ ခုနှစ်ကပင် ကျေးလက်တောရွာအနှံ့ကွင်းဆင်းလျက် ဂျာနယ်၊ သတင်းစာများ အခမဲ့ဖြန့်ဝေခဲ့သည်။ အချို့က "ခင်ဗျားတို့ စာမဖတ်သူပပျောက်ရေးအစား စာဖတ်သူတိုးပွားရေးလို့အမည်ပြောင်းလုပ်သင့်တယ်" ဟု ပြောဆိုပါသည်။ စာမဖတ်သူပပျောက်ဖို့မလွယ်၍ ပြောကြားခြင်းဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် တန်ဖိုးနည်းဖုန်းများ အသုံးပြုမှုအားကောင်းလာခဲ့ရာ စာဖတ်သူဦးရေသည် ပို၍ပင်လျော့ကျသွားသည်။ ဖုန်းကိုင်သူမှန်သမျှ ဂိမ်းဆော့ခြင်း၊ အင်တာနက်ကြည့်ခြင်း၊ ဖုန်းနှင့် အီစီကလီလုပ်ခြင်း၊ အချို့ဆိုလျှင် တစ်ညလုံးဖုန်းနှင့်အလုပ်ရှုပ်နေကြပါသည်။ စာပေဖတ်ရှုမှုအတော်လေးကို အားနည်းသွားပါသည်။ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်သူဦးရေများလာကာ စာကောင်းပေကောင်းဝယ်ယူမှုအားကောင်းမှသာလျှင် မြန်မာစာပေဦးမော့လာနိုင်သလို မြန်မာနိုင်ငံ၏ အနာဂတ်ကာလသည်ဖြောင့်ဖြူးသာယာငြိမ်းချမ်းမည်မှာ အမှန်ဖြစ်သည်။ နိုင်ငံတော်ကဆောင်ရွက်နေသည့်စာပေရေချမ်းစင်လုပ်ငန်းများကို အပြစ်မပြောလိုပါ။ သို့သော် အားနည်းချက်၊ အားသာချက်များကို လေ့လာပြုပြင်လုပ်ဆောင်သင့်သည်ဟု ထင်ပါသည်။ ပခုက္ကူမြို့တွင်မူ စာပေရေချမ်းစင်တော်တော်များများ ဖတ်ရှုသူမရှိဖြစ်နေသည်ကို တွေ့ရသည်။ ဖတ်ရှုသူမရှိလျှင် ကြိုးပမ်းလုပ်ဆောင်သမျှ အချိန်ကုန် ငွေကုန်ဖြစ်နေပါမည်။ စာပေရေချမ်းစင်များဖတ်ရှုသူအားကောင်းအောင် ကြိုးပမ်းလုပ်ဆောင်အဖြေရှာသင့်ပါသည်။ ပခုက္ကူမြို့၏ ဗုဒ္ဓဓမ္မစာကြည့်တိုက်တွင်မူ တစ်နေ့တာစာအုပ်ငှားဖတ်သူ လေးငါးဦးသာရှိနေ၍ ပိတ်ထားရသည်ဟု စာကြည့်တိုက်အကျိုးဆောင်တစ်ဦးက ပြောသည်။ ယနေ့ခေတ် လူငယ်လူရွယ်အများစု စာမဖတ်ကြသည်မှာ များစွာဝမ်းနည်းဖွယ်ကောင်းသည်။ တစ်ခေတ်တစ်ခါက စာကြည့်သင်းများ၊ စာကြည့်တိုက်များအားကောင်းမောင်းသန်ရှိခဲ့သလို စကားရည်လုပွဲများ၊ စာပေပြိုင်ပွဲများ မြင့်မားရှင်သန်ခဲ့သည်။ စာကြည့်သင်း စာဖတ်သင်းအားကောင်းခဲ့သလို နိုင်ငံရေးအသိအမြင်များလည်း ကြွယ်ဝခဲ့ကြသည်။ ယနေ့ခေတ်၌ စာဖတ်သူနည်းပါးလာ၍ အသိအမြင်ကြွယ်ဝမှုများ ယုတ်လျော့လာသည်။ စာဖတ်ပရိသတ်တိုးပွားလာရေးအတွက် ထုတ်ဝေသူများကလည်း စာပေတန်ဖိုးမြင့်သောစာအုပ်များကို အတတ်နိုင်ဆုံး၊ ငွေကြေးအချိုသာဆုံးနှင့် ထုတ်ဝေသင့်ပါသည်။ ပရဟိတလူမှုရေးအသင်းများကလည်း ယဉ်ကျေးမှု၊ အသိအလိမ္မာ၊ အတတ်ပညာနှင့်လူငယ်လူရွယ်တို့၏ စိတ်ဓာတ်ခွန်အားမြင့်မားစေရေးကို အထောက်အကူပြုသောစာအုပ်များ အခမဲ့ထုတ်ဝေဖြန့်ချိလုပ်ဆောင်ပေးနိုင်ပါက မြန်မာစာပေနှင့် မြန်မာနိုင်ငံ၏ အနာဂတ်သည် ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသာယာလာပနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

နည်းပညာသတင်း

TIKILA

မိုလ်ဘိုင်းဈေးကွက် ရိုက်ချိုးနိုင်မည့် New iPad Air လာမည်

ကမ္ဘာကျော် မိုဘိုင်းလုပ်ငန်းစုပန်းသီး (Apple) သည် သူ၏ သင်ပုန်းကွန်ပျူတာသစ် New iPad Air ကို အောက်တိုဘာ ၂၂ ရက်ညတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ပွဲထုတ်မိတ်ဆက်ပြသခဲ့သည်ဟု သိရသည်။ပေါ့ပါးကျစ်လျစ်သော အလူမီနီယံသတ္တုစပ် ကိုယ်ထည်ပါဝင်ကာ မျက်နှာပြင်အကျယ်၉ဒသမ၇လက်မခန့်ရှိမည်ဟု သိရသည်။ မကြာသေးမီကမှ ထွက်ရှိထားသော iPhone 5s ကဲ့သို့ပင် အတွင်းပိုင်းစနစ်များကို ထည့်သွင်းပေးထားပြီး အလေးချိန်အားဖြင့် တစ်ပေါင်ခန့်ရှိကြောင်း သိရသည်။ အရည်အသွေးမြင့် (High Megapixel) ကင်မရာစနစ် ပါဝင်မည်ဖြစ်ပြီး ကြိုးမဲ့အင်တာနက်လိုင်း (WiFi)ဆွဲအား အထူးကောင်းမွန်မည်ဟုသိရသည်။ အဆိုပါ ပန်းသီး၏ သင်ပုန်းကွန်ပျူတာသစ် New iPad Air သည် မျက်နှာပြင်ကျယ်ဝန်းမှု အားသာချက်ရှိရုံမျှမက ပေါ့ပါးခြင်း၊ ပါးလွှာခြင်း၊ သယ်ဆောင်ရပိုမိုလွယ်ကူခြင်းအစရှိသည့် အားသာချက်များပါ ပါဝင်လာမည်ဟု နည်းပညာ သတင်းစာမျက်နှာများတွင် တွေ့ရသည်။ ပန်းသီး၏ အစဉ်အလာအတိုင်း i OS7 , A7 Chip, 64-bit အစရှိသော နည်းပညာမြင့်စွမ်းဆောင်မှုစနစ်များပါဝင်ပြီး iPhoto, i Movie, Keynote အစရှိသည့် အဆင့် (Versions)မြင့် မိုဘိုင်း Application များ ပါဝင်မည်ဟု ပန်းသီး၏ စာမျက်နှာတွင် တွေ့ရသည်။ ဈေးနှုန်းသတ်မှတ်ချက်အားဖြင့် Wi Fi Version များအတွက် 16 GB ကို ကန်ဒေါ်လာ ၄၉၉ ဒေါ်လာ၊ 32 GB အတွက် ၅၉၉ ဒေါ်လာ၊ 64 GB အတွက် ၆၉၉ ဒေါ်လာ၊ 128 GB အတွက် ၇၉၉ ဒေါ်လာသတ်မှတ်ထားပြီး Cellular Version များအတွက် 16 GB လျှင် ၆၂၉ ဒေါ်လာ၊ 32GB လျှင် ၇၂၉ ဒေါ်လာ၊ 64 GB လျှင် ၈၂၉ ဒေါ်လာ၊ 128 GB လျှင် ၉၂၉ ဒေါ်လာ စသည်ဖြင့် သတ်မှတ်ထားကြောင်း သိရသည်။ မည်သို့ပင်ဖြစ်စေ ပန်းသီးတို့၏ အစဉ်အလာအတိုင်း မိုဘိုင်းဈေးကွက်ကို မည်သို့ မည်ပုံရိုက်ချိုးသွားနိုင်မည်ဆိုသည်မှာ နိုဝင်ဘာ ၁ ရက်နေ့တွင် စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပရိသတ်များ၏ မှတ်ချက်ပြုထားခြင်းကို အင်တာနက်သတင်းစာမျက်နှာများတွင် တွေ့ရသည်။

မြန်မာယူ-၂၃ အသင်း နမ်ဘူးတက္ကသိုလ်အသင်းအား ရှုံးနိမ့်

နေပြည်တော် အောက်တိုဘာ ၂၃

ကိုရီးယားလေ့ကျင့်ရေးခရီးစဉ်၏ ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ**(အောက်ပုံ)** နမ်ဘူးတက္ကသိုလ်အသင်းက မြန်မာ ယူ -၂၃ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ သည်။

မြန်မာအသင်းသည် ဂွမ်ဂျူးနှင့်ကစားခဲ့သည့် ပွဲစဉ်မှ အဓိကကစားသမားအများစုကို အနားပေးခဲ့ကာ အရန်ကစားသမား အများစုဖြင့် ပွဲထွက်လာခဲ့သည်။ ဂိုး-ပြည့်ဖြိုးအောင်၊ နောက်တန်း-ဇာနည်ထက်၊ ဖြိုးကိုကိုသိန်း၊ ဇန်ဘိုထွန်း၊ သိန်းသန်းဝင်း၊ အလယ်တန်း-ထူးထူးအောင်၊ ကျော်မင်းဦး၊ နေလင်းထွန်း၊

ရန်အောင်ဝင်း၊ ရှေ့တန်း- စိုးကျော်ကျော်၊ ကောင်းစည်သူတို့ ပါဝင်ကစားခဲ့သည်။

ပွဲစသည်နှင့် နှစ်ဖက်စလုံး အားကြိုးမာန်တက် ကစားခဲ့ကာ ပွဲမှာအလွန်ကြည့်ကောင်းခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းယူနိုင်ဘဲ ဂိုးမရှိသရေဖြင့်သာ ပထမပိုင်းပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း ပြန်အစတွင် နေလင်းထွန်း၊ ရန်အောင်ဝင်းတို့နေရာတွင် စည်သူအောင်၊ ကြည်လင်းတို့ ဝင်ရောက်ကစားစေခဲ့သည်။ ၆၁မိနစ်တွင် မြန်မာအသင်း တန်ပြန်ထိုးစစ်မှ တစ်ဆင့် စိုးကျော်ကျော် ကန်သွင်းခွင့်ရခဲ့သော်လည်း လူကျွံဘောဖြစ်နေခဲ့သည်။ မိနစ် ၇၀တွင် ကြည်လင်း ကွင်းလယ်မှထိုးပေးသည့် ဘောလုံးအား ကောင်းစည်သူ ကန်သွင်းခဲ့သော်လည်း ဂိုးသမားကာကွယ်သွားခဲ့သည်။ ၇၃ မိနစ်တွင် နမ်ဘူးတက္ကသိုလ်အသင်း ဦးဆောင်ဂိုး စတင်ရရှိသွားခဲ့သည်။ မြန်မာအသင်းမှာလည်း ချေပဂိုး ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းခဲ့သည်။ ၇၅ မိနစ်တွင် ကြည်လင်း တစ်ကိုယ်တော်ထိုးဖောက်မှုမှတစ်ဆင့် အပိုင်ကန်သွင်းသော်လည်း နမ်ဘူးတက္ကသိုလ်အသင်းဂိုးသမား လက်စွမ်းပြ ပုတ်ထုတ်သွားခဲ့သဖြင့် ဂိုးမရဘဲ ဖြစ်ခဲ့သည်။ မြန်မာအသင်း ချေပဂိုး ပြန်မသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီး နမ်ဘူးတက္ကသိုလ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် အောက်တိုဘာ ၂၄ရက်တွင် ဟိုနမ်တက္ကသိုလ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

(မောင်မောင်ဇော်)

ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

“ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး” ဖြစ်ကြောင်း ထိုဆုလာဘ်ကြီးသည် မည်သည့်ဆုလာဘ်နှင့်မျှ မတူ။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ စားဝတ်နေရေးအဆင်ပြေမည်။ စားဝတ်နေရေး အဆင်ပြေပါမှ မိမိလိုချင်၊ ဖြစ်ချင်သော ပန်းတိုင်အရောက် ချီတက်နိုင်မည်ဖြစ်သည်။ လိုချင်သော ဘဝရည်မှန်းချက် ပန်းတိုင်ရောက်ရန် ကျန်းမာရေးအသိများ လူတိုင်း ကိုယ်စီသိရှိရန်လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရသစ်လက်ထက်၌ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် အခြေခံကျသောကိစ္စရပ်များအား နိုင်ငံတော်သမ္မတကြီးမှ ဦးဆောင်လမ်းညွှန်ပေးကာ ပြည်သူများ ဆင်းရဲမှု လျှော့ချရေးအတွက် အဘက်ဘက်မှ အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ပြည်သူများ သက်သာသောနှုန်းထားဖြင့် ဆေးကုသမှုခံယူနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအား ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေး ဇီဇဝါပန်း အပိုင်းအနီးတွင် ၂၀၁၂ ခုနှစ် မေလ ၃ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ယင်းအထူးကုဆေးရုံကြီးအနေဖြင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုစေရန် အများပြည်သူ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး သင့်တင့် လျောက်ပတ်သော နှုန်းထားများဖြင့် နိုင်ငံတကာအဆင့်မီ ခေတ်မီစက်ကိရိယာများဖြင့် စမ်းသပ်စစ်ဆေးပေးကာ ရောဂါရှာဖွေပေးခြင်း၊ ကုသပေးခြင်း၊ နိုင်ငံခြားသို့သွား ရောက်ကုသရန်မလိုဘဲ အဆင့်မြင့်စံချိန်စံညွှန်းများနှင့် ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုများကို ၂၄ နာရီ

သတင်းမှတ်စု

ဇော်မင်းအောင်

အချိန်ပြည့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထို့အပြင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် စင်ကာပူနိုင်ငံရှိ (Parkway Hospital Singapore)နှင့်လည်း ချိတ်ဆက်၍ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးနှင့် ယင်းဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ လာရောက်၍ ဟောပြောဆွေးနွေးခြင်းများလည်း မကြာခဏပြုလုပ်ကြောင်းသိရသည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းမီ ခေတ်မီစက်ကိရိယာများအား နိုင်ငံခြားမှ ဝယ်ယူအသုံးပြုပြီး ဝမ်းဗိုက်အတွင်းရှိရောဂါများအား ဗိုက်ခွဲစရာမလိုဘဲ(Key Hole Surgery)ခေါ် အပေါက်ငယ်လေးမှ ဝမ်းတွင်းကြည့် စက်ကိရိယာ (Laproscope)ဖြင့် ကုသပေးခြင်း၊ အဆင့်မြင့် CT, MRI, Fluroscopy များဖြင့် ပုံရိပ်ဖော်ရောဂါရှာဖွေခြင်း၊ ခေတ်မီရောဂါရှာဖွေရေးစက်များဖြင့်လည်း အခြေခံ (Silver)၊ အဆင့်မြင့် (Gold)၊ အထူးအဆင့်မြင့် (Diamond) ကျန်းမာရေးဝန်ဆောင်မှု (Packge)အစီအစဉ်များ၌ မိမိစိတ်တိုင်းကျရွေးချယ်စစ်ဆေးကုသမှုခံယူနိုင်ကြောင်းလည်း သိရသည်။

ထို့အပြင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ မြန်မာနိုင်ငံတွင် ပထမဆုံးအရိုးပွရောဂါနှင့်ပတ်သက်သည့် အရိုးပွရောဂါအခြေအနေစစ်ဆေးနိုင်သော အမေရိကန်နိုင်ငံ (Hologic)ကုမ္ပဏီထုတ် နောက်ဆုံးပေါ် အရိုးသိပ်သည်းဆတိုင်းစက်ကြီးဖြင့်လည်း ၂၄ နာရီအချိန်ပြည့် ကျန်းမာရေးဝန်ဆောင်မှုပေးရုံမက မည်သည့်ရောဂါမဆို အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးတိုင်ပင်နိုင်ခြင်း၊ စမ်းသပ်စစ်ဆေးကုသနိုင်ခြင်း၊ အိမ်တိုင်ရာရောက်အရေးပေါ်ကုသစောင့်ရှောက်မှုများ ပြုလုပ်နိုင်ခြင်း၊ အရေးပေါ် ၂၄ နာရီအချိန်ပြည့်လူနာတင်ယာဉ်များ ခေါ်ယူနိုင်ခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ယခင်က ရန်ကုန်၊ မန္တလေးမြို့များသို့ ငွေကုန်၊အချိန်ကုန်ခံသွားစရာမလိုဘဲ နေပြည်တော်စည်ပင်သာယာရေးကော်မတီကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် သန့်ရှင်းသပ်ရပ်ကျယ်ဝန်းသော အခန်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ခေတ်မီစက်ကိရိယာများဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေး၍ အဖိုးနှုန်းချိုသော ဆေးဝါးကုသမှု၊ ပြည့်စုံသောဆေးဝါး၊ နားလည်တတ်ကျွမ်းသော အထူးကုဆရာဝန်ကြီးများဖြင့် ၂၄ နာရီအချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စေတနာကောင်းဖြင့် ကြေညာမောင်းခတ်လိုက်ပါသည်။

ပြသနိုင်သော အထူးကုဆရာဝန်ကြီးများမှာ အထွေထွေရောဂါကု၊ နှလုံးအထူးကု၊ ဆီးနှင့်ကျောက်ကပ်၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ ဦးနှောက်အာရုံကြော၊ အရိုးအကြော၊ အသည်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရေပြား၊ ကင်ဆာရောဂါ၊ စိတ်ရောဂါတို့ဖြစ်သည်။

ခွဲစိတ်ကုသခြင်းတွင် သမားရိုးကျခွဲစိတ်ကုသခြင်း၊ ခေတ်မီအပေါက်ဖောက် အဆင့်မြင့်ခွဲစိတ်ကုသခြင်း၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာခွဲစိတ်ကုသခြင်း၊ ဦးနှောက်ခွဲစိတ်ကုသခြင်း၊ မျက်စိခွဲစိတ်ကုသခြင်း၊ မျက်နှာနှင့် ကိုယ်အင်္ဂါအစားထိုးပြုပြင်ခွဲစိတ်ကုသခြင်း၊ အရိုးရောဂါများခွဲစိတ်ကုသခြင်း၊ ကင်ဆာရောဂါခွဲစိတ်ကုသခြင်းများဖြစ်သည်။

သားဖွားမီးယပ်ဆောင်တွင် ရိုးရိုးကလေးမွေးဖွားခြင်း၊ အမျိုးသမီးရောဂါ(မီးယပ်ရောဂါ) အမျိုးမျိုးကုသ၊ ခွဲစိတ်ပေးခြင်း၊ မွေးကင်းစကလေးကြပ်မတ်ကုသခန်း၊ အိမ်တိုင် ရာရောက်ဆောင်ရွက်ပေးမှုများအနေဖြင့် အရေးပေါ်ကုသစောင့်ရှောက်မှုပေးခြင်း၊ သွေးနမူနာလာရောက်ယူပေးခြင်း၊ လူနာတင်ယာဉ်ဝန်ဆောင်မှုပေးခြင်းနှင့် ဓာတ်မှန်၊ ဓာတ်ခွဲဆိုင်ရာဆောင်ရွက်ပေးမှုတွင် သမားရိုးကျ/အဆင့်မြင့်ဓာတ်ခွဲစစ်ဆေးမှုအားလုံး၊ သမားရိုးကျဓာတ်မှန်/တီဗွီဓာတ်မှန်ရိုက်ခြင်း၊ လေးဘက်မြင်ဓာတ်မှန်ရိုက်ခြင်း၊ ရောဂါရှာဖွေခြင်း၊ စက်ကြီးဖြင့်ရောဂါရှာဖွေခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ ဖြစ်သည်။

မြန်မာငါးရှဉ့် ပြည်ပဈေးကွက်တွင် ဈေးနှုန်းထက်ဝက်ကျဆင်း

ရန်ကုန် အောက်တိုဘာ ၂၃

တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှရရှိသော ငါးရှဉ့်များကို အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။

ယခုအခါ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော မြန်မာငါးရှဉ့်ဈေးကွက်မှာ ယခင်နှစ်က ငါးရှဉ့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ကျော်ရရှိနေရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅၀ သို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ မြန်မာငါးရှဉ့်ဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းရခြင်းမှာ ဗီယက်နမ်နိုင်ငံမှ အရွယ်အစားတူ ငါးရှဉ့်များ တရုတ်ဈေးကွက်သို့ဝင်ရောက်လာခြင်းကြောင့် ဖြစ်ကြောင်း မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးဝင်းကြိုင်က “ကျွန်တော့်မျက်မြင်အရ ဗီယက်နမ်က တင်ပို့တဲ့ ငါးရှဉ့်တွေ အရွယ်အစားတူညီရတဲ့အကြောင်းရင်းက သဘာဝကရတဲ့ ငါးရှဉ့်တွေကို တိုက်ရိုက်မတင်ပို့ဘဲ ကျေးလက်ဒေသတွေမှာ စနစ်ကျကျမွေးမြူပြီးမှ ဈေးကွက်အတွင်း တင်ပို့ရောင်းချတော့ဈေးပိုရတာပေါ့၊ ကျွန်တော်တို့ မြန်မာနိုင်ငံက ငါးရှဉ့်တွေက တိုက်ရိုက်တင်ပို့ပြီး အရွယ်အစားမတူတော့ ဈေးမရဘူးပေါ့”ဟု ပြောသည်။

ယခုအခါ မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များက ပြည်ပဈေးကွက်တွင် ငါးရှဉ့်ဈေးပိုမိုရရှိရန်အတွက် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို အဆင့်မြှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

(အေးကို-သတင်းစဉ်)

အကယ်ဒမီ နွဲ့နွဲ့မူ

တင်နွယ်ဦး (စီးပွားရေးတက္ကသိုလ်)

လောကလူသားတိုင်း တော်ချင်၊ တတ်ချင်၊ ထိပ်ဆုံးသို့ရောက်ချင်ကြသည်။ ထိပ်ဆုံးသို့ရောက်ပြန်တော့လည်း ထိုနေရာကို ထာဝရပိုင်စိုးလိုကြပြန်သည်။ အစိုးမရတဲ့ အနတ္တသဘောအရ ထိပ်ဆုံးဆိုသည့် နေရာတစ်နေရာကို မည်သူမှထာဝရပိုင်စိုးထား၍မရ၊ လက်ဆင့်ကမ်းအလှည့်ပေးကြရသည်။ ထာဝရမဟုတ်သော်လည်း သူ့ခေတ်သူ့ကာလက သူမှသူ၊ မြန်မာ့ရုပ်ရှင်လောက၌ ထိပ်ဆုံးအဆင့်နေရာ တစ်နေရာကို နှစ်ကာလအတန်ကြာ ပိုင်စိုးရယူထားနိုင်ခဲ့သူတစ်ဦး ရှိခဲ့ဖူးသည်။

ဟင်္သာတသူလေး မြသန်းနွဲ့၊ တစ်နည်း ဝါရင့်သရုပ်ဆောင် အကယ်ဒမီ နွဲ့နွဲ့မူ (ခေါ်) ဒေါ်နွဲ့နွဲ့မူ။ ပညာရေးဝန်ထမ်း ဦးသော်နှင့် အကယ်ဒမီ ဒေါ်သိန်းရှင် (ဝဏ္ဏကျော်ထင် အကယ်ဒမီများရှင် နိုင်ငံကျော်ရုပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေး၏ အစ်မ)တို့က ၁၈-၈-၁၉၅၀ ရက် (သောကြာနေ့)တွင် "နွဲ့နွဲ့မူ"ကို ဟင်္သာတမြို့၌မွေးဖွားခဲ့သည်။ မွေးချင်း ငါးယောက်ရှိသည့်အနက် တတိယမြောက်။ အသက်ခြောက်နှစ်ခန့်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး အလုံ အထက (၄)တွင် ပညာသင်ကြားခဲ့သည်။ မိခင်နှင့် အဒေါ်ဖြစ်သူတို့မှာ တိုင်းသိပြည်သိ နိုင်ငံကျော်ရုပ်ရှင်မင်းသမီးကြီးများ။ သို့ဖြစ်၍ ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင်လောကသည် "နွဲ့နွဲ့မူ" အတွက် မစိမ်း။ မျိုးရိုး၊ ဗီဇ၊ ဝါသနာနှင့်အတူ ရေခံ၊ မြေခံကောင်းရရှိထားသူမို့ သင်လွယ်၊ တတ်လွယ်ပြန်သည်။

၁၉၆၅ ခုနှစ်က ဒါရိုက်တာဝင်းဖေ ရိုက်ကူးခဲ့သည့် "မေတ္တာမိုးမြေ" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် စတင်ရိုက်ကူးခဲ့ရာ ထိုစဉ်ကသူမ၏ အသက်မှာ (၁၄)နှစ်သာသာ။ တောက်မည့်မီးခဲတရဲရဲမို့ ၁၉၇၁ ခုနှစ် ဒါရိုက်တာ အေဝမ်း သိန်းထွန်း (သန်းထွန်းအမြွှာညီအစ်ကို) ရိုက်ကူးခဲ့သည့် "သမန်းကျား" ဇာတ်ကားဖြင့် တိုင်းသိပြည်သိ "နွဲ့နွဲ့မူ" အဖြစ် ထင်ပေါ်ကျော်ကြားခဲ့လေသည်။

"သမန်းကျား" ဇာတ်ကားတွင် "မြန်မာအဆွေအေဝမ်း" ဖလင်၏ မျိုးဆက်သစ်လူငယ်များဖြစ်ကြသော ကိုမြင့်ဝင်းလှိုင်၊ တိုးမြင့်၊ စိုင်းဝဏ္ဏတို့နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့ပုံများမှာ မြူးကြွသွက်လက်အတွဲအဖက်ညီလှသည်။ "သမန်းကျား" ဇာတ်ကားသည် မဲပြာပုဆိုးဇာတ်လမ်းများမှ ခွဲထွက်ခဲ့၏။ ထိုစဉ်ကာလ ခေတ်လူငယ်တို့၏ ဘဝကိုတန်ဖိုးရှိအောင် အေဝမ်းအဖွဲ့သားများက ပုံဖော်ရိုက်ကူးပြသသွားနိုင်သည့်အတွက် အေဝမ်းမျိုးဆက်သစ်များအနေဖြင့် အစဉ်အလာကြီးမားခဲ့သော "မြန်မာအဆွေ အေဝမ်းဖလင်" အပေါ် တာဝန်ကျေခဲ့ကြသလို မြန်မာ့ရုပ်ရှင်သမိုင်းတွင်လည်း "သမန်းကျား" ဇာတ်ကားသည် ဂန္ထဝင်မှတ်တိုင်သစ်အဖြစ် တွင်ရစ်ခဲ့လေသည်။

"နွဲ့နွဲ့မူ" ၏ အောင်မြင်မှုများကား စဉ်ဆက်မပြတ် အကျိုးပေးကောင်း၍ အကြောင်းထင်ခဲ့ပြန်သည်။ ၁၉၇၄ ခုနှစ်တွင် ထိုစဉ်ကာလက ကာတွန်းရုပ်ပြလောကတွင် "စံရွှေမြင့်" ဇာတ်လမ်းတွဲများဖြင့် စာဖတ်ပရိသတ်ကြား အထူးရေပန်းစားခဲ့သော ကာတွန်းမြင့်သိန်း၏ဝတ္ထုကို ဒါရိုက်တာကိုငြိမ်းငြိမ်းက ရုပ်ရှင်အဖြစ် ပုံဖော်အသက်သွင်းခဲ့ရာ "နော်ကူးမ" ဇာတ်ကားအမည်ဖြင့် အထူးပင်အောင်မြင်ကျော်ကြားခဲ့သည်။ ထိုဇာတ်ကားတွင် "နွဲ့နွဲ့မူ"သည် မင်းသားထွန်းထွန်းဝင်း၊ အောင်လွင်တို့နှင့် တွဲဖက်ပါဝင်ခဲ့ရာ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် "အကယ်ဒမီ" ဆုကြီးကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်။ ထိုဇာတ်ကားတွင် "နွဲ့နွဲ့မူ" သည် ကရင်သံဝဲတဲ၊ ဝဲတဲဖြင့် ပြောဆိုသရုပ်ဆောင်သွားပုံများမှာ တကယ့်တိုင်းရင်းသူ ကရင်အမျိုးသမီးတစ်ဦးနှင့်မခြား၊ ပရိသတ်ကို အပုတ်ထင်လေအောင် ဖမ်းစားနိုင်ခဲ့သူ။ ရုပ်ရှင်ကားကြီးပေါင်း ၁၀၀ ကျော်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့သည်။ ထင်ရှားကျော်ကြားသော ဇာတ်ကားများစွာရှိသည့်အနက် လက်လှမ်းမီသမျှ အချို့ကိုဖော်ပြရသော်-

"နေခြည်ဖြာမှ နွေးသောကြောင့်"၊ "မမုန်းလေနဲ့ငပလီ"၊ "ပျဉ်းမငုတ်တို"၊ "ကျွန်တော့်ချစ်သဲမာနခဲ"၊ "စံရွှေမြင့်ရဲ့မာမာ"၊ "မေတ္တာစိမ်းစိမ်း"၊ "အမေနှင့်သမီးများ"၊ "ပြင်ဦးလွင်ကစိန်တစ်ပွင့်"၊ "မေတ္တာအကျဉ်းသား"၊ "ယောဆရာကြီး"၊ ထိုအထဲတွင် "နေခြည်ဖြာမှနွေးသောကြောင့်" ဇာတ်ကားသည် မြန်မာပြည်မြောက်ဖျား နှင်းများဖုံးလွှမ်းနေသည့် ရေခဲတောင်ကြီးများကြား ခက်ခက်ခဲခဲသွားရောက်ရိုက်ကူးခဲ့ရသည့် ဇာတ်ကားဖြစ်သည်။ မြန်မာ့ရိုက်ကူးရေးအဆင့်ကို မြှင့်တင်လိုသော ဆန္ဒနှင့်အတူ တောင်တန်းဒေသတိုင်းရင်းသားတို့၏ဘဝ၊ တွေ့မြင်ရခဲလှသည့် မြန်မာနိုင်ငံ၏ ရေခဲတောင်ရှုခင်းအလှများကို ဖော်ထုတ်ပြသသွားသည့် သရုပ်ဆောင်ဒါရိုက်တာ အကယ်ဒမီ အောင်လွင်၊ ငွေရရေးအဓိကမထား ကိုယ့်မြန်မာရုပ်ရှင်ပီပြင်ရေးကိုသာ ဦးစားပေး၍ အသက်အန္တရာယ်ရှိသည့်ရေခဲတောင်များကြား မိန်းမသားပင် ဖြစ်လင့်ကစား စွန့်စွန့်စားစား သွားရောက်ရိုက်ကူးခဲ့သူ "နွဲ့နွဲ့မူ"၊ အထူးပင်လေးစားစရာကောင်းလှသူ၊ မြန်မာ့ရုပ်ရှင်အမျိုးသမီးများထဲမှ ရေခဲတောင်များကြား ပထမဦးဆုံး ရုပ်ရှင်သွားရောက်ရိုက်ကူးခဲ့သူ၏ အမည်ကို ဖြေပါဟုမေးလာခဲ့လျှင် "နွဲ့နွဲ့မူ" ဟုဖြေမှ အဖြေမှန်မည်ဖြစ်ပါသည်။

"နွဲ့နွဲ့မူ"သည် ရုပ်ရှင်သရုပ်ဆောင်အပြင် တေးဂီတသီဆိုမှုကိုလည်း ဝါသနာပါသူဖြစ်ရာ "မြင်းမိုရ်တောင်" တစ်ကိုယ်တော်စတီရီယိုတေးစီးရီးနှင့် အခြားအဆိုရှင်များပါဝင်သော စတီရီယိုအတွဲခွေတေးစီးရီးများ ထုတ်လုပ်ခဲ့သည်။

အကယ်ဒမီ
နွဲ့နွဲ့မူ။

ဘဝတွင် ရသမျှအချိန်များကို အနုပညာ၌သာ နှစ်မြှုပ်ခဲ့ပြီး "နော်ကူးမ" ဗီဒီယိုထုတ်လုပ်ရေးကို ထူထောင်ကာ ဗီဒီယို ဇာတ်ကားများစွာ ထုတ်လုပ်ခဲ့ပြန်သည်။ ထိုအထဲမှ ကိုယ်တိုင်ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ၎င်းစိတ်ကြိုက်ဖန်တီးရိုက်ကူးခဲ့သော ဇာတ်ကားများမှာ "လောကမာန်ဟုန်"၊ "သိပါပြီ"၊ "ညကဝေ"၊ "အချစ်ဟောင်းကို လှည့်ကြည့်ပါ"၊ "သံယောဇဉ်နုနု"၊ "မည်သို့ပင်ဖြစ်စေ"။

"နွဲ့နွဲ့မူ" ၏ ဘဝကို ခြုံငုံသုံးသပ်ကြည့်လျှင် တကယ့်အနုပညာသမားစစ်စစ်ဖြစ်သည်ကိုတွေ့မြင်ရမည်။ ရသမျှအချိန်တွေကို အနုပညာဖြင့်ကောင်းစွာအကျိုးဖြစ်စေခဲ့ပြီး သူမ၏စွမ်းဆောင်ချက်များသည် မြန်မာ့ရုပ်ရှင်အတွက်များစွာအထောက်အကူဖြစ်စေခဲ့သည်။

"သရုပ်ဆောင်ခြင်း" ဟူသည် တကယ်ဖြစ်ပျက်နေခြင်းမဟုတ်၊ သဏ္ဍာန်လုပ်သရုပ်နှင့်တူအောင် တတ်ကျွမ်းသော အနုပညာဖြင့်၊ တစ်နည်းပရိသတ်ကို လှည့်စားပြနေခြင်းသာ။ "နွဲ့နွဲ့မူ" သည် ပရိသတ်ကို လှည့်စား၍အောင်မြင်မှုများဆင့်ကဲဆင့်ကဲရရှိခဲ့သော်လည်း "မရဏမင်း"ကိုဖြင့် လှည့်စား၍မရ။ အရှုံးလက္ခဏာပြ၍ ၁၃-၆-၂၀၁၁ ရက်နေ့တွင် လူ့လောကကြီးကို ကျောခိုင်းစွန့်ခွာသွားခဲ့လေသည်။ လူပင်သေသော်လည်း နာမည်မသေ။ အနုပညာသာမက လူသား တာဝန်ကိုလည်း ကျေခဲ့လေသူ။ မိခင်ကောင်းတစ်ဦးအဖြစ် သားကြီးမောင်ပိုင်စိုး (ယခု ခရစ်ယာန်နှစ်ခြင်းသင်းအုပ်ဆရာ ဦးပိုင်စိုး)၊ သမီးငယ် မဇင်သူဦး (ဗီဒီယိုသရုပ်ဆောင်) တို့ကို လောကအကျိုးသယ်ပိုးရန် ထားရစ်ခဲ့သည်။

အရွယ်ကောင်းစဉ် ကွယ်လွန်သွားခဲ့သည့် အကယ်ဒမီ "နွဲ့နွဲ့မူ" အား နှမြောတသခြင်းနှင့်အတူ ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်။ ကောင်းရာသုဂတိလားပါစေ. . . .

(ဤဆောင်းပါးဖြစ်မြောက်ရေး အကူအညီပေးပါသော "အကယ်ဒမီ ဒေါ်နွဲ့နွဲ့မူ" ၏ သမီးငယ် ဗီဒီယိုသရုပ်ဆောင် "မဇင်သူဦး" အား ကျေးဇူးတင်ရှိလျက်)



ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၀-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၂)ပါ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ ကြော်ငြာတွင် အလုပ်လျှောက်လွှာထုတ်ပေးမည့်ရက် ၃၀-၁၀-၂၀၁၃ရက်မှ ၁-၁၁-၂၀၁၃ရက်ထိ၊ အလုပ်လျှောက်လွှာပြန်လည်လက်ခံမည့်ရက် ၄-၁၁-၂၀၁၃ရက်မှ ၇-၁၁-၂၀၁၃ရက်ထိဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းလှ [၁၁/ရသတ(နိုင်)၀၅၀၄၈၉]၏ (Passport No. 960191) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၃၁၂၂၀၉၂



INVITATION FOR OPEN TENDER
(MIXED LPG)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG (1800MT±5%)
2. Tender Closing Date : 7-11-2013 at (12:00)noon.
3. Tender Opening Date : 7-11-2013 at (13:00)hrs.
4. Delivery Time : 2nd Week of December 2013
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 24-10-2013 on payment of the Myanmar Kyat One Hundred Thousand (Kyat 100000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၁၈၀၆) အမည်ပေါက် ဒေါ်မာရီမား၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်မြင့် [၁၂/လသန(ဧည့်)၀၀၀၂၈၆]မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ (၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစက်မှုဇုန်၊ မြေကွက်အမှတ်(ဒီ-၉/၁၊ ၉/၂၊ ၉/၇၊ ၉/၈)၊ မြေဧရိယာပေ(၂၀၀×၂၀၀)အကျယ်အဝန်းရှိ စက်မှုဇုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(ဒီ-၉/၁၊ ၉/၂၊ ၉/၇၊ ၉/၈)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်၊ အမည်ပေါက် ဒေါ်ယုယုခိုင်[၉/မထလ(နိုင်)၀၄၁၄၉၃]ကို လက်ရှိထားပိုင်ဆိုင်ပြီး အကျိုးခံစားလျက်ရှိရာ တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်အုန်းကျင် (MGN-၁၀၆၂၈၁)နှင့် ဦးခင်မောင်ဆန်း(MGN-၁၀၆၂၈၄) တို့ထံမှ အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်(၄)ကွက်နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင်**(LL.B)** အထက်တန်းရှေ့နေ(စဉ်-၂၀၁၈၅)
အမှတ်(၇၉)၊ ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်၊ ဖုန်း-၀၉-၇၃၀၃၅၇၄၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ အမှတ် (၆၅/၇၀)၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အခန်း (၃၀၈) နေ ဒေါ်ဆွေဆွေဝင်း [၁၂/တမန(နိုင်)၀၅၁၆၈၇] ကိုင်ဆောင်သူပိုင် တိုက်ခန်း (၃၀၈)ကို အခန်း (၁၂၀၁)၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အမှတ်(၆၅/၇၀)၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စန္ဒာဝင်း [၁၂/ကတတ(နိုင်)၀၀၁၈၂၉] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်စန္ဒာဝင်း [၁၂/ကတတ(နိုင်)၀၀၁၈၂၉]
ဖုန်း-၀၉ ၅၅၄၄၈၈၈၊ ၀၉၄၃၀၈၇၁၅၅၊ ၀၉-၄၉၈၈၅၅၅၅

စပိန်လာလီဂါ ရင်ခုန်သံ – ၁၀

စပိန်လာလီဂါပွဲစဉ် (၁၀)ကို လာမယ့်အောက်တိုဘာ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိတယ်။ အဆိုပါပွဲစဉ်တွေအထဲမှာ ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်တို့ တွေ့ဆုံနေလို့ အကြိတ်အနယ်ရှိမှာ သေချာနေသလို ဗီလာရီးယဲလ်နဲ့ ဗလန်စီယာဆုံတဲ့ပွဲလည်းပါနေတဲ့အတွက် စိတ်ဝင်စားဖို့ကောင်းပါတယ်။

ဗယ်လီကာနို - ဗယ်လာဒိုးလစ် နံနက် ၁း၃၀ (၂၆-၁၀-၂၀၁၃)

ဗယ်လီကာနိုက နှစ်ပွဲဆက်တိုက်အနိုင်ရပြီး ခြေကောင်းနေတာတွေ့ရတယ်။ ဒ့ါအပြင် အိမ်ကွင်းအားလည်းရှိနေတာကြောင့် ဗယ်လာဒိုးလစ်ကို ဖိအားပေးနိုင်မှာပါ။ ဗယ်လာဒိုးလစ်ကတန်းဆင်းဇုန်အတွင်းရောက်နေပြီး ငါးပွဲဆက်တိုက်အနိုင်မရတဲ့အထိ ခြေကျနေတယ်။

မာလာဂါ - ဆဲလ်တာဗီဂို ည ၈း၃၀ (၂၆-၁၀-၂၀၁၃)

မာလာဂါခြေမငြိမ်တာမှန်တယ်၊ နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ရတယ်။ ဒါပေမယ့် ဒီအရှုံးကိုချေပနိုင်ဖို့ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာကို သတိပြုရမယ်။ ဆဲလ်တာဗီဂိုကလည်း နောက်ဆုံးငါးပွဲမှာ လေးပွဲအထိရှုံးကာ ခြေပျက်နေတယ်။

ဘာစီလိုနာ - ရီးယဲလ် ည ၁၀း၃၀ (၂၆-၁၀-၂၀၁၃)

ဒီနှစ်သင်းရဲ့ လက်ရှိအနေအထားအရ ဘာစီလိုနာက ရီးယဲလ်ထက်ခြေပိုတည်ငြိမ်တယ်။ အထူးသဖြင့် ကွင်းလယ်ကစားအားမှာ ဘာစီလိုနာရဲ့ကွင်းလယ်ကို ရီးယဲလ်မက်ဒရစ်ရဲ့ကွင်းလယ်က မမီဘူး။ ဒါကြောင့် ဘာစီလိုနာကို အဝေးကွင်းမှာ ရီးယဲလ်အသာရဖို့ခက်တယ်။ ဘာစီလိုနာ အနိမ့်ဆုံးသရေရမယ်။

အဲလ်ချီ - ဂရန်နာဒါ နံနက် ၀၀း၃၀ (၂၇-၁၀-၂၀၁၃)

အဲလ်ချီရဲ့ခြေကကောင်းနေတယ်။ နောက်ဆုံးသုံးပွဲဆက်အနိုင်ရထားတယ်။ အိမ်ကွင်းအားနဲ့လည်း ဖိအားပေးမှာဆိုတော့ ဂရန်နာဒါရှုန်းကန်ရမှာသေချာတယ်။ နောက်ဆုံးလေးပွဲမှာ သုံးပွဲတိတိရှုံးထားရတဲ့ ဂရန်နာဒါခြေကလည်း အားပျော့တာကြောင့် အဲလ်ချီနဲ့ဂိုးအနည်းကို နှစ်သက်တယ်။

လီဗန်တေး - အက်စ်ပန်ညို နံနက် ၂း၃၀ (၂၇-၁၀-၂၀၁၃)

လီဗန်တေးက နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ခဲ့တယ်ဆိုပေမယ့် အရှုံးဆိုလို့လည်း တစ်ပွဲသာရှိသေးတာကို သတိပြုရမယ်။ အထူးသဖြင့် အိမ်ကွင်းအားရှိတယ်။ အက်စ်ပန်ညိုက အဝေးကွင်းမှာ တစ်ပွဲသာအနိုင်ရထားတယ်။

ဗီလာရီးယဲလ် - ဗလန်စီယာ ည ၁၀း၃၀ (၂၇-၁၀-၂၀၁၃)

ဗီလာရီးယဲလ်ကလက်ရှိခြေအနည်းငယ်ကျလာတာမှန်တယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာနှစ်ပွဲပဲနိုင်တယ်။ ဒါပေမယ့် ဗီလာရီးယဲလ်က အိမ်ကွင်းခြေကောင်းလွန်းပြီး အိမ်ကွင်းလေးပွဲမှာ အရှုံးမရှိသုံးပွဲအနိုင်ရတယ်။ ဗလန်စီယာကလည်း ခြေကျနေတဲ့အတွက် ဒီပွဲမှာ ဗီလာရီးယဲလ်နဲ့ပဲ ရပ်တည်မယ်။

ဆိုစီဒက် - အယ်မာရီယာ နံနက် ၀၀း၃၀ (၂၈-၁၀-၂၀၁၃)

အမှတ်ပေးဇယားအောက်ဆုံးက အယ်မာရီယာရဲ့ခြေက အားပျော့လွန်းတယ်။ နိုင်ပွဲလုံးဝမရသေးတဲ့အပြင် နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက်ရှုံးနိမ့်ထားရတယ်။ ဆိုစီဒက်ကနိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့ပြီဖြစ်သလို အိမ် ကွင်းအားလည်းရှိတယ်။ ဆိုစီဒက်ကိုပဲ ရွေးချယ်ရမယ်။

အက်သလက် - ဘက်တစ် နံနက် ၂း၃၀ (၂၈-၁၀-၂၀၁၃)

အက်သလက်တီကိုအနေနဲ့ ရှုံးပွဲကြုံခဲ့ရမှုကို ဒီပွဲမှာ ချေပဖို့အားစိုက်လာမှာပါ။ ဘက်တစ်က နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံးပြီး ခြေကျနေတယ်။ အထူးသဖြင့် အဝေးကွင်းလေးပွဲမှာ အနိုင်မရှိသေးဘဲ သုံးပွဲရှုံးထားရတဲ့ခြေအရ အက်သလက်တီကိုကို တုံ့ပြန်ဖို့ခက်တယ်။

ဂီတာဖေး - ဘီလ်ဘို နံနက် ၃း၃၀ (၂၉-၁၀-၁၃)

ဂီတာဖေးက အိမ်ကွင်းအားကောင်းတယ်။ အိမ်ကွင်းလေးပွဲမှာ အရှုံးမရှိကစားနိုင်ပြီး သုံးပွဲနိုင်ထားတယ်။ ဘီလ်ဘို ကတော့ အဝေးကွင်းလေးပွဲမှာ တစ်ပွဲသာနိုင်ပြီး သုံးပွဲရှုံးထားရတယ်။ လက်ရှိခြေအရလည်း နောက်ဆုံးလေးပွဲဆက် အနိုင်ကစားထားနိုင်တဲ့ ဂီတာဖေးကပိုငြိမ်တယ်။ ဂီတာဖေးနဲ့ပဲ ရပ်တည်ရမယ်။

ရှိုင်းမင်းမင်း

ရှော်လ်ကေးကို အနိုင်ရရှိကာ အုပ်စုထိပ်ဆုံးသို့ ရောက်ရှိလာခြင်းကြောင့် တိုက်စစ်မှူး တောရက်စ်ခြေစွမ်းကို နည်းပြမော်ရင်ဟို ချီးကျူး

ငွေကြယ်

အောက်တိုဘာ ၂၃ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)တွင် ရှော်လ်ကေးအသင်း၏ အိမ်ကွင်း၌ ချယ်လ်ဆီးက ရှော်လ်ကေးကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အုပ်စု(E)၏ ထိပ်ဆုံးနေရာသို့ ရောက်ရှိလာခဲ့ခြင်းကြောင့် ယင်းပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတောရက်၏ခြေစွမ်းအား နည်းပြမော်ရင်ဟိုက ချီးကျူးစကားပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ရှော်လ်ကေးနှင့် ပွဲစဉ်၌ တိုက်စစ်ပိုင်းတွင် တောရက်စ်၊ ဟာဇက်၊ ရှာရယ်၊ ကွင်းလယ်တွင် အော်စကာ၊ ရာမီရက်၊ လမ်းပတ်၊ ခံစစ်ပိုင်းတွင် တယ်ရီ၊ ကာဟေး၊ အက်ပီလီကူတာ၊ အိုင်ဗန်နိုဗစ် တို့ကို အသုံးပြုကာ ပွဲထွက်ကစားစေခဲ့ပြီး ပထမပိုင်းပွဲစပြီး ငါးမိနစ်မှာပင် နောက်ခံလူ အိုင်ဗန်နိုဗစ်၏ ပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူး တောရက်စ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးအသင်းက အိမ်ရှင်ရှော်လ်ကေးအသင်းကို ပထမပိုင်းပွဲပြီးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ၆၉ မိနစ်တွင် ကွင်းလယ်ကစားသမား အော်စကာ၏ ပေးပို့မှုတစ်ဆင့် တိုက်စစ်မှူးတောရက်စ်က ဒုတိယမြောက်ဂိုး ထပ်မံသွင်းယူပေးနိုင်ခဲ့သဖြင့် နှစ်ဂိုးအသာဖြင့် အနိုင်ရလဒ်ဆောင်ကြဉ်းမည့် အနေအထားရောက်ရှိခဲ့ပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် ရာမီရက်၏ ပေးပို့မှုကို တိုက်စစ်မှူးဟာဇက်က ဂိုးအဖြစ် ပြောင်းလဲပေးခဲ့သည်။ သို့ရာတွင် ရှော်လ်ကေးအသင်းသည် ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးက ရှော်လ်ကေးကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးအသင်းသည် လက်ရှိအုပ်စုပွဲစဉ်(၃)အပြီးတွင် ဘေဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း စတုအာ့ဘူခါရက်ကို လေးဂိုးပြတ်ဖြင့်လည်းကောင်း၊ ယခု ရှော်လ်ကေးအသင်းကို သုံးဂိုးပြတ်ဖြင့် လည်းကောင်း နိုင်ပွဲများရရှိကာ ချယ်လ်ဆီးအသင်းအုပ်စု(E)တွင် ရမှတ်ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

အက်သလက်တီကိုမက်ဒရစ် ရှုံးပွဲမရှိစံချိန်ဖြင့် အုပ်စု(G)ကို ဆက်လက်ဦးဆောင်

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)တွင် ဩစတြီးယားဗီယင်နာအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်သုံးပွဲကစားအပြီးတွင် သုံးပွဲစလုံး အနိုင်ရရှိကာ အုပ်စု(G)ကို ရမှတ်ကိုးမှတ်ဖြင့် ထိပ်ဆုံးမှဆက်လက်ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)တွင် ဇင်းနစ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အုပ်စုပွဲစဉ်(၂)တွင်ပေါ်တိုအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်းအနိုင်ရရှိခဲ့သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် အောက်တိုဘာ ၁၉ ရက် ညပိုင်းက အက်စပန်ညိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် လာလီဂါပွဲစဉ်မှ ပွဲထွက်ကစားသမားစာရင်းကို အပြောင်းအလဲလုပ်သည့်အနေဖြင့် တိုက်စစ်မှူး ဒေးဗစ်ဗီလာ၊ နောက်ခံလူ မာရီယိုဆွာရတ်ဇ်၊ ဒီယေဂိုဂိုဒင်တို့ကို ချန်လှပ်ထားခဲ့ပြီး မီရန်ဒါ၊ တီယာဂို၊ အာဒါတူရန် စသည့် ကစားသမားများကို အသုံးပြုကာ အထောင်တိုက်စစ်မှူးအဖြစ် ဒီယေဂိုကော်စတာတစ်ဦးတည်းကိုထား၍ ပွဲထွက်လာခဲ့ရာ ပွဲကစားချိန် ၈ မိနစ်တွင် ဂါဗီယာ၏ သွင်းဂိုး၊ မိနစ် ၂၀ တွင် ဒီယေဂိုကော်စတာ၏ သွင်းဂိုးတို့ဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့သော် ဩစတြီးယားဗီယင်နာအသင်းသည် ချေပဂိုးမသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲကစားချိန် ၅၃ မိနစ်၌ တိုက်စစ်မှူး ဒီယေဂို ကော်စတာ၏ သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရသဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ဩစတြီးယားဗီယင်နာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်သုံးပွဲကစားအပြီးတွင် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့သည်။

ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ ခရီးသွား မိဘ/ပြည်သူများအတွက်
ရန်ကုန်-သံဖြူဇရပ်-ရေး ခရီးစဉ်သစ်ကြီးအား

၂၂-၁၀-၂၀၁၃ ရက်နေ့မှစ၍ ရန်ကုန်မှ နေ့စဉ် ည ၈း၃၀ နာရီတွင် လည်းကောင်း
ရေးမှ နေ့စဉ် ညနေ ၃း၀၀ နာရီတွင် လည်းကောင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်းနှင့်
ရန်ကုန်-ဘားအံ-နေပြည်တော်-ပခုက္ကူ
ရန်ကုန်-ဘားအံ-နေပြည်တော်-မန္တလေး-ပြင်ဦးလွင် ခရီးစဉ်သစ်ကိုလည်း မကြာမီ ပြေးဆွဲသွားမည်ဖြစ်ကြောင်းကို မိတ်ဟောင်း/မိတ်သစ်များအား အသိပေး ကြော်ငြာအပ်ပါသည်။

ရွှေစင်စကြာ မိသားစု

Registration No.574/2005-2006
Licence No.62/2013

သင် JAPAN

ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAGI KEN မြို့များရှိ ရေထွက် ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၄ ခုနှစ် ၃ လပိုင်း အတွက် အမျိုးသား (၁၀) ဦး အမျိုးသမီး(၄)ဦး အသက်(၂၀)နှစ်မှ (၃၀) နှစ်ကြား ကျန်းမာ သန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

* ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
* လုပ်ငန်းလိုအပ်ချက်အရ မျက်မှန်တပ်ဆင်သူ၊ ဘယ်သန်မဖြစ်ရ။
* အလုပ်ချိန် ။ ။ တစ်နေ့ ၈ နာရီ
* လစာ ။ ။ တစ်နာရီ ယန်း(၇၀၀)+အချိန်ပို

ဖောင်ပိတ်ရက်။ ။ ၃၀-၁၀-၂၀၁၃ ရက်

(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက် စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်။ ။ No.C/101, Delta Plaza, Shwegonedaing Road, Bahan Township, Yangon.
Tel:01-557570, 09-8604948,09-8303939

မြေစာပုံပြိုကျသဖြင့် သုံးဦးသေ၊ ခြောက်ဦးဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၂၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဘဇံခြောက်ရွာ အနောက်ဘက် "ချောင်ဘရားသား" ကုမ္ပဏီ လုပ်ကွက်တွင် အောက်တိုဘာ ၂၀ ရက်က အမြင့် ပေ ၅၀ ခန့်ရှိ မြေစာပုံ ပြိုကျသဖြင့် ဖားကန့်မြို့နယ် ရှမ်းကုန်းရပ် ဆိပ်မူကျေးရွာနေ နန်းဝင်း (၃၀) နှစ်ပါ သုံးဦးတွင် ဦးခေါင်းကြေမွ ပေါက်ပြဲဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

ထို့ပြင် ဖားကန့်မြို့နယ် ဘဇံခြောက်ရွာ နေသူများဖြစ်သည့် အိုက်ရွှေ (၃၀)နှစ်ပါ နှစ်ဦးနှင့် တင်မောင်ဦး (၃၃)နှစ်ပါ လေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဖားကန့်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသကာ ဖားကန့်မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၃၉/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ပလက်ဖောင်းကျော်ကာ ရေမြောင်းထဲထိုးကျ

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော် ရာဇဌာနီလမ်းရှိ ဆက်သွယ်ရေးဝန်ကြီးဌာနရုံးရှေ့၌ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တိုယိုတာဟိုင်းလပ်ဆပ်(ဖ်) အမျိုးအစား ၄ဂ/--- မော်တော်ယာဉ်သည် လမ်းဘေးရေမြောင်းအတွင်း ကျသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရာဇဌာနီအဝိုင်းဘက်မှ ဆက်သွယ်ရေးရုံးဘက်သို့ ရာဇဌာနီလမ်းအတိုင်း မောင်းနှင်လာသော တိုယိုတာဟိုင်းလပ်ဆပ်(ဖ်)အမျိုးအစားမော်တော်ယာဉ်သည် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးရှေ့အရောက်လမ်းချော်၍ ပလက်ဖောင်းပေါ်ကျော်ကာ ရေမြောင်းအတွင်း ကားကိုယ်ထည်တစ်ခြမ်းကျသွားကြောင်းနှင့် ယာဉ်ပေါ်တွင် မောင်းသူသာပါရှိပြီး ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **(ကျော်သူရ-နေပြည်တော်)**

မင်္ဂလာဈေးမှ ထမီစခိုးသူအား အထူးမှုခင်းနှိမ်နင်းရေးက ဖမ်းဆီး

ရန်ကုန် အောက်တိုဘာ ၂၃

အောက်တိုဘာ ၁၅ ရက်က မင်္ဂလာဈေးအပေါ်ထပ်သို့တက်သည့် လှေကားအနီးတွင် မြွေရေခွံအိတ်ဖြင့်ထည့်ထားသော ထမီစများအား ခိုးယူသွားသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးအတွင်းမှ ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ ဇင်ထွန်း(ခ)ဒိုင်ဂျစ်အားဖမ်းဆီးရမိသဖြင့် စစ်မေးရာ ၎င်းသည် အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မင်္ဂလာဈေးအပေါ်ထပ်သို့တက်သည့် လှေကားအနီးတွင် မြွေရေခွံအိတ်ဖြင့်ထည့်ထားသော ထမီစများအား ခိုးယူထားကြောင်း၊ အောက်တိုဘာလဆန်းပိုင်းကလည်း မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးဝင်းအတွင်း၌ ပိတ်လိပ်များတင်ထားပြီး ရပ်ထားသည့်ကားနောက်ခန်းအတွင်းမှ မြွေရေခွံအိတ်အားဓားဖြင့်ခွဲ၍ အိတ်အတွင်းမှ ပိတ်လိပ်နှစ်လိပ်အား ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(စိုးဝင်း-MLA)

ကာရာအိုကေဆိုရာမှ အချင်းများပြီး ဂေါ်ပြားဖြင့် ရိုက်မှုဖြစ်ပွား

သန်လျင် အောက်တိုဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ငပြေမကျေးရွာတွင် အောက်တိုဘာ ၂၀ ရက် ည ၇ နာရီခွဲခန့်က ကျော်နိုင်ဝင်း၏ လယ်တဲ၌ လယ်တဲအနီးနေသူများနှင့် ကာရာအိုကေဆိုနေကြစဉ် တဲနီးချင်းရှိ ဦးလှ(ခ)ဇော်ရဲအောင် ရောက်ရှိလာပြီး ကာရာအိုကေအတူဆိုရာမှ စကားအချေအတင်ဖြစ်ရာ ၎င်းက မကျေနပ်သဖြင့် လယ်တဲသို့ပြန်သွားပြီး ဂေါ်ပြားယူဆောင်လာကာ တဲရှေ့မှနေ၍ စိန်ခေါ်သဖြင့် ညီအစ်ကို သုံးဦးသွားရောက်ဟန့်တားရာ ၎င်းလက်ထဲရှိ ဂေါ်ပြားဖြင့် ဇော်နိုင်အား ရိုက်ချလိုက်ရာ ဇော်နိုင်မှာ အနီးရှိ မြောင်းထဲသို့ လဲကျသွားပြီး နားထင်တွင် ပြတ်ရှဒဏ်ရာရရှိသွားကာ ဆေးရုံတွင် တက်ရောက် ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သန်လျင်မြို့မစခန်းက (ပ)၉၆၆/၁၃၊ ပြစ်မှုပုဒ်မ ၃၂၆ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(တံတားကျော်လွင်)**

မိဘကို ဓားဖြင့် ခြိမ်းခြောက်သည့် သားမိုက် အရေးယူခံရ

တောင်ငူ အောက်တိုဘာ ၂၃

မိဘကို ဓားဖြင့် ခြိမ်းခြောက်ပြီး အိုးခွက်ပန်းကန်များ ဖျက်ဆီးခဲ့သည့် သားမိုက်တစ်ဦး အရေးယူခံရမှု အောက်တိုဘာ ၁၉ ရက်က တောင်ငူ၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် ည ၇ နာရီခန့်က တောင်ငူမြို့ (၁၃)ရပ်ကွက် ငြိမ်းချမ်းရေး (၂) လမ်းနေ ဦးတင့်ဆွေ (၆၁)နှစ်နှင့် ဇနီး ဒေါ်လှလှဝင်း (၅၆)နှစ် (ဈေးရောင်း) တို့၏နေအိမ်သို့ တောင်ငူမြို့ (၁၂)ရပ်ကွက် (၅)လမ်းနေသားဖြစ်သူ သန်းစိုးအောင် (၃၅) နှစ်သည် လက်ထဲတွင် ဓားမတစ်ချောင်းကိုင်လျက် ၎င်း၏ဇနီး ပျောက်နေကြောင်းပြောဆိုကာ အတင်းဝင်ရောက်လာခဲ့သည်။

မိခင် ဒေါ်လှလှဝင်းက ၎င်း၏ဇနီး ရောက်မလာကြောင်း ပြောဆိုသော်လည်း ပြောမရဘဲ အိမ်ရှိ စတီးဂေါက်တံဖြင့် မီးဖိုချောင်ရှိ အိုးခွက်ပန်းကန်များကို ရိုက်ခွဲဖျက်ဆီးခဲ့သဖြင့် မိဘများနေအိမ်မှ ဆင်းပြေးကြကာ ရပ်ကွက် ရာအိမ်မှူး ဦးကျော်မင်းဦးမှတစ်ဆင့် တိုင်တန်းချက်အရ တောင်ငူမြို့ အမှတ်(၂)ရဲစခန်းက သန်းစိုးအောင်အား အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(၁၂၉)

ထပ်မံသိရှိရ

အောက်တိုဘာ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၇ တွင် ပါရှိသော "ဆိုင်ကယ်တစ်စီး လမ်းလျှောက်သူကို ဝင်တိုက်" သတင်းတွင် ဆိုင်ကယ်စီးသူနှင့် လမ်းလျှောက်သူနှစ်ဦးစလုံး သေဆုံးသွားကြောင်း ထပ်မံသိရှိရသည်။ **(တင်လှိုင်-မိတ္ထီလာ)**

မင်းလှတွင် ပုဂံအမြန်ရထားတိုက်၊ တစ်ဦးသေ

မင်းလှ အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ် (၇)ရပ်ကွက် နတ်ကျွန်းရွာသစ်နေ ကိုစန်းမောင် (၄၀)နှစ်သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီခန့်တွင် ပုဂံအထူးအမြန်ရထားတိုက်မိ၍ သေဆုံးသွားကြောင်းသိရသည်။ ကိုစန်းမောင်သည် စိတ်ရောဂါရှိသူတစ်ဦးဖြစ်ပြီး ရထားလမ်းပေါ်၌ နေ့စဉ်လျှောက်သွားနေသူတစ်ဦးဖြစ်သည်။ အောက်တိုဘာ ၂၀ ရက်တွင် မြို့နှင့် နှစ်မိုင်ခန့်ဝေးသော မင်းလှမြို့ မြောက်ဘက် ညောင်ဝင်းရွာဘက်သို့ ရောက်သွားသည်။ ရွာနှင့် ရထားလမ်းမှာ အလှမ်းကွာဝေးသဖြင့် ကူညီမည့်သူ မရှိဖြစ်ကာ ရထားကြိတ်မိပြီး သေဆုံးခဲ့သည်။ သက်ဆိုင်ရာရဲစခန်းသို့ ဆက်သွယ်မေးမြန်းကြည့်ရာ ဒေသခံများ အကြောင်းကြားသဖြင့် အလောင်းအားသယ်ပြီး သေမှုသေခင်းအရ အမှုဖွင့်ဆောင်ရွက်လျက်ထားကြောင်း ပြောပြသည်။ **(မြို့နယ်ပြန်/ဆက်)**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
တိုက်သစ်၊ တတိယထပ် (လူမနေရသေး)
(၉၀၀) စ/ပ (ခန့်)၊ ရွှေအုန်းပင်အိမ်ရာ(ရန်ကင်း)
ဝယ်လိုသူကိုယ်တိုင် ဆက်သွယ်ပါ(ပွဲစားမလို)
ဖုန်း-၀၉-၃၃၀၆၉၇၃၇

ကျောက်ပန်းတောင်း၌ ရိုးရာခြင်းဝိုင်းနှင့် ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၃

ဝါလကင်းလွတ်သည့် သီတင်းကျွတ်အခါသမယတွင် မြန်မာနိုင်ငံအဝှမ်း ပဝါရဏာပွဲများ ကျင်းပခြင်း၊ တာဝတိံသာနတ်ပြည်မှ ပြန်လည်ကြွချီလာသည့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်းကြိုဆိုသောအားဖြင့် ဆီမီးရောင်စုံထွန်းညှိခြင်း၊ မီးကြာလှည့်လည်ပူဇော်ခြင်းအစရှိသည့် မီးထွန်းပွဲတော်များကို ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ ထူးခြားမွန်မြတ်သော ဘာသာရေးပွဲတော်တစ်ခုအဖြစ် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလေ့ရှိကြရာ မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်သော မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း မီးထွန်းပွဲတော်များနှင့် ဗုဒ္ဓပူဇနိယပွဲတော်များကို မိုးထဲရေထဲမှာပင် အားခဲ၍ကျင်းပခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ မိုးမှာရွာလိုက် ပြတ်လိုက်ဖြစ်ခဲ့ရာ သဲကြီးမဲကြီးမဟုတ်သော်လည်း ဆင်ယင်ကျင်းပကြမည့် ဘုရားပွဲများခင်းကျင်းမရအောင်ဖြစ်ခဲ့ကြသည်။ ဗုဒ္ဓပူဇနိယဘုရားပွဲများ ကျင်းပကြသည့် အင်တိုင်းကျေးရွာ၊ ဆင်တိုင်းကန်ကျေးရွာ၊ စည်ပေါက်ကန်(မြစည်းခုံဘုရား)၊ တလိုင်းကန်၊ ကျောင်းစုနှစ်ကျပ်ခွဲအစရှိသည့်ကျေးရွာများနှင့် ရပ်ကွက်ဓမ္မာရုံဘုရားပွဲများတွင် နေ့ဘက်တံခွန်သွင်းခြင်းနှင့် ညပိုင်းမီးကြာလှည့်ပူဇော်ခြင်းများကို မိုးပြတ်လျှင် ပြတ်သလိုအပြေးအလွှားလုပ်ဆောင်ခဲ့ကြပြီး အချို့မှာ မိုးရွှဲရွှဲနှင့်ပွဲပြီးခဲ့ကြောင်း သိရသည်။ အချို့ဘုရားပွဲများတွင်လည်း မိုးပြတ်ချိန်ကိုလု၍ စီစဉ်ထားသည့်အတိုင်း ရိုးရာခြင်းဝိုင်းခတ်ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

ကိုနေ(ကျောက်ပန်းတောင်း)

အကောက်ခွန်လုပ်ငန်းများဆိုင်ရာ သိကောင်းစရာများရှင်းလင်း

မူဆယ် အောက်တိုဘာ ၂၃

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မူဆယ်၊ နမ့်ခမ်းကုန်သည်များအသင်းရုံးတွင် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းက မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း အထောက်အကူပြုအဖွဲ့ (မြန်မာ-တရုတ်နယ်စပ်ဒေသ)ဖွဲ့စည်းတာဝန်ပေးအပ်ပွဲနှင့် အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်းမှ လိုက်နာကျင့်သုံးသိကောင်းစရာများ ရှင်းလင်းပွဲကျင်းပရာ ရှေးဦးစွာ မူဆယ်၊ နမ့်ခမ်းကုန်သည်များအသင်းနာယက မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးဦးကောင်းစံဦးက အဖွင့်အမှာစကားပြောကြားခြင်း၊ အကောက်ခွန်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးကိုယ်စား မြို့နယ်ဦးစီးမှူး ဦးအောင်သူရက အကောက်ခွန်လုပ်ငန်းဆိုင်ရာ သိသင့်သည်များ ရှင်းလင်းခြင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာဝန်ဆောင်သူများ အသင်းဥက္ကဋ္ဌဦးမျိုးသန့်က ဝန်ဆောင်မှုအသင်းဖြစ်ပေါ်ရေးနှင့် ဖွဲ့စည်းရခြင်းရည်ရွယ်ချက်များကို အကျယ်တဝင့် ဆွေးနွေးသည်။ ထို့နောက် မူဆယ်မြို့နယ် အကောက်ခွန်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရာ ဥက္ကဋ္ဌဦးမင်းနိုင်စိုး (ရွှေနေမင်းကုမ္ပဏီ)၊ အတွင်းရေးမှူး ဦးမောင်မောင်အေးသက်ထွန်းတို့ ပါဝင်သော အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

"ကျွန်တော်တို့ မူဆယ်ဒေသ ကုန်သွယ်ရေး ဝန်ဆောင်မှုဆောင်ရွက်ရာတွင် အခုလို အထောက်အကူပြုအဖွဲ့ ဖွဲ့ပြီး စနစ်တကျဆောင်ရွက်ခြင်း၊ နောက်ပြီး အကျိုးဆောင်ကုမ္ပဏီ ဝန်ထမ်းတွေကို အကောက်ခွန်ဦးစီးဌာနမှ အခုရက်ပိုင်းအတွင်း သင်တန်းပို့ချတဲ့အတွက် အရည်အသွေး တိုးတက်လာပြီး ကျွန်တော်တို့အတွက်ရော၊ အကျိုးဆောင်တွေအတွက်ရော အကောက်ခွန်လုပ်ငန်းဆိုင်ရာတွေမှာ ပို၍ လျင်မြန်သွက်လက်ပြီး ကုန်သွယ်မှုတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့်အစီအမံတွေဖြစ်တဲ့အတွက် ကောင်းပါတယ်" ဟု မူဆယ်၊ နမ့်ခမ်းကုန်သည်ကြီးအသင်းဥက္ကဋ္ဌ ဦးဌေးဦးက ပြောကြားသည်။

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုအသင်းအနေဖြင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သော မူဆယ်တွင် အထောက်အကူပြုအဖွဲ့ ပထမဆုံးဖွဲ့စည်းခြင်းဖြစ်ပြီး ကော့သောင်း၊ မြဝတီ၊ တာချီလိတ်စသည့်နေရာများမှာ အထောက်အကူပြုအဖွဲ့များ ဆက်လက်ဖွဲ့စည်းပေးပြီး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာများကို ပေါင်းစည်းချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

နိုင်ငံတကာ ဘတ်စ်ကားလိုင်းများ တိုးချဲ့ဝင်ရောက် ပြိုင်ဆိုင်လုပ်ကိုင်လိုသူများ အပြည်ပြည်ဆိုင်ရာ ဘတ်စ်ကားလိုင်းပြေးဆွဲလိုမှု စိတ်ဝင်စား

ရန်ကုန် အောက်တိုဘာ ၂၃

အိန္ဒိယနိုင်ငံ အင်ဖာမြို့မှတစ်ဆင့် ဗုဒ္ဓဂယာသို့ ကုန်းလမ်းခရီးစဉ် မော်တော်ယာဉ် ပထမတန်းစား အဲယားကွန်းဘတ်(စ်) လိုင်းကားများဖြင့် ဘုရားဖူးသွားရောက်နိုင်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေးအတွက် အင်ဖာ-တမူး-ကလေး-မန္တလေး-နေပြည်တော်-ရန်ကုန်-ထားဝယ်-ဗန်ကောက် ဘတ်စ်ကားခရီးစဉ် ပြေးဆွဲရန် ပြည်တွင်းပြည်ပ နိုင်ငံတကာဘတ်စ်ကားလိုင်းများ အထူးစိတ်ဝင်စားလျက်ရှိသည်။

နယ်စပ်နိုင်ငံဖြတ်ကျော်ဘတ်စ်ကားလိုင်းများ ပြေးဆွဲခြင်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု ဘတ်စ်ကားဂိတ်များဖွင့်လှစ်ခြင်း၊ ဘတ်စ်ကားများ ခရီးတစ်ထောက်ရပ်နားခြင်းဖြင့် စီးပွားရေး၊ လူမှုရေး အသိညာဏ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပထမတန်းစား အဲယားကွန်း ဘတ်စ်ကားများကို အသုံးပြု၍ မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မော်တောင်-ပရာချွတ်(ပကျွတ်) ဗန်ကောက်နှင့် ပရာချွတ်(ပကျွတ်)မြို့မှ ဟိုင်းချိုင်း-ပီနန်-ကွာလာလမ်ပူ (မလေးရှားနိုင်ငံ)မှတစ်ဆင့် စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ လော၊ ဗီယက်နမ် အစရှိသည့် အရှေ့တောင်အာရှနိုင်ငံများအပြင် တောင်အာရှ အိန္ဒိယနိုင်ငံ အင်ဖာမြို့တော်မှ အမေရိက၊ ဥရောပကုန်းတွင်းပိုင်းနိုင်ငံများသို့ ပြေးဆွဲဆောင်ရွက်နိုင်ရေး အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံတို့မှ တာဝန်ရှိကုမ္ပဏီစီအီးအိုများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အာရှလမ်းမကြီး ပြီးစီးသွားပါက နိုင်ငံတကာ ဘတ်စ်ကားလိုင်းများ တိုးချဲ့ဝင်ရောက်ပြိုင်ဆိုင်လုပ်ကိုင်လိုသူများအပြည်ပြည်ဆိုင်ရာ ဘတ်စ်ကားလိုင်းပြေးဆွဲလိုမှု အထူးစိတ်ဝင်စားမှုရှိကြောင်း သိရသည်။

(သုအောင်ကျော်-ငုဝါ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
Tel-067-414184, 067-414223
ပြည်တွင်းပုလဲရောင်းချပွဲ

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် (၃၃)ကြိမ်မြောက် ပြည်တွင်းပုလဲ ရောင်းချပွဲကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်မှ ၂၂ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင်ရောင်းချပါမည်။

၂။ နိုင်ငံသားမည်သူမဆိုတက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက် (ဗုဒ္ဓဟူးနေ့)
၉း၀၀-၁၆း၀၀နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ၂၁ရက် (ကြာသပတေးနေ့)
၉း၀၀-၁၆း၀၀နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း။
၁၆း၀၀နာရီ တင်ဒါအမှတ်(၁)ပိတ်သိမ်းခြင်း။
၁၇း၀၀နာရီ တင်ဒါအမှတ်(၁)ကြေညာခြင်း။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက် (သောကြာနေ့)
၉း၀၀-၁၆း၀၀နာရီ ပုလဲတွဲများပြသကြည့်ရှုခြင်း။
၁၂း၀၀နာရီ တင်ဒါအမှတ်(၂)ပိတ်သိမ်းခြင်း။
၁၃း၀၀နာရီ တင်ဒါအမှတ်(၂)ကြေညာခြင်း။
၁၆း၀၀နာရီ တင်ဒါအမှတ်(၃)ပိတ်သိမ်းခြင်း။
၁၇း၀၀နာရီ တင်ဒါအမှတ်(၃)ကြေညာခြင်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါအတိုင်း ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံများဆောက်လုပ်ရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား
(က)	အမှတ်(၈၄)၊ စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့	ပေ(၄၀×၃၀×၁၀)၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ၊ (၁)ထပ် အုတ်ညှပ်တစ်လုံး
(ခ)	အမှတ်(၄၇)၊ စက်မှုလယ်ယာစခန်း လယ်ဝေးမြို့	ပေ(၄၀×၃၀×၁၀)၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁)ထပ်အုတ်ညှပ်တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ဗိသုကာလုပ်ပုံစံများကို ၂၃-၁၀-၂၀၁၃ရက်မှစ၍ နေပြည်တော်တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ၊ နေပြည်တော်စက်မှုလယ်ယာရုံး၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့သို့ လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန် နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက နေပြည်တော်စက်မှုလယ်ယာရုံး ဖုန်း ၀၆၇-၂၄၃၇၀၊ ၂၄၃၉၀၊ ဦးကျော်စိုး ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၁၉၄၄၆၃ နှင့် ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင် ဖုန်း-၀၉-၈၆၀၁၉၆၈ တို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

"ကဲမြန်မြန်စီစဉ်ကြပေတော့" စင်ကာပူခရီးစဉ်
(၂ညအိပ်၊ ၃ညအိပ်အပါအဝင်ခရီးစဉ်အမျိုးမျိုး)

အရမ်းစိတ်ဝင်စားဖို့ကောင်းတဲ့ Sentosa နဲ့ Universal studio၊ ရေအောက်ငါးပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ လေဆာအလင်းတန်းနဲ့ ရေပန်းအလှ၊ မြို့ကိုအပေါ်စီးမြင်ရတဲ့ Sky Park နဲ့ Singapore Flyer ကုန်းရေသွားကားသင်္ဘော အစရှိတာတွေကို သွားကြည့်ကြမယ်။ ခရီးစဉ်ထွက်ခွာမယ့်နေ့တွေကတော့-

နိုဝင်ဘာလ (၈ရက်၊ ၂၂ရက်)၊ ဒီဇင်ဘာ (၆ရက်၊၂၀ရက်)

ဆက်သွယ်ဖို့ကတော့-

ရန်ကုန်- AVA Travel Services Co.Ltd
ဖုန်း-01-527291
မဥမ္မာ ဖုန်း-၀၉-၄၅၀၀၀၂၇၂၂
မန္တလေး-ကိုမျိုးဝင်း ဖုန်း-၀၂-၃၂၃၄၇
မချိုချို ဖုန်း-၀၉-၂၀၁၂၈၆၅





Royal Crown
(2004 Full Grade)
၄၈/------ အနက် သိန်း(၂၇၀)
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ဖုန်း-၀၉-၄၃၀၄၁၃၄၁

ကားရောင်းရန်ရှိသည်
BMW X 5 2002 MD
သိန်း (၅၀၀)
မြေကွက်ရောင်းရန်ရှိသည်။
၁၄၉၊ ၁၆၆၊ ၁၄၅
ဖုန်း-၀၉၅၁၉၉၆၈၅

ထူးထူးခြားခြားအသီးသီးသည့် သပွတ်သီး

လားရှိုး အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် (၈) နယ်မြေ(၁) မဟာဗျူဟာလမ်းသွယ်(၃) အိမ်အမှတ် (၈၃)၌နေထိုင်သော ဦးမော်စီ၏နေအိမ်၌ လေးပေခွဲ၊ ငါးပေခန့်ရှိသော သပွတ်သီးများ ထူးခြားစွာ

သီးနေသည်ဟု ကြားသိရသည့်အတွက် ဦးမော်စီထံသို့ သွားရောက်၍ မှတ်တမ်းဓာတ်ပုံရိုက်ယူ မေးမြန်းခဲ့ရာ "၂၀၁၂ ခုနှစ်က တစ်ခါစိုက်ဖြစ်ခဲ့ပါတယ်။ အခုလောက် အသီးမများဘူး၊ အကြီးဆုံး ငါးပေခွဲအသီးကို အရင်ထားပြီး မျိုးစေ့ချန်ထားတာ၊ သူငယ်ချင်းစိုးကြီးက ဘယ်မှာထားခဲ့မှန်းမသိဘဲ ရှိနေရာက အိမ်သန့်ရှင်းရေး လုပ်မှ မျိုးစေ့ရှစ်စေ့ပြန်တွေ့လို့ မက်မွန်သီးအပင်ခြေရင်းနဲ့ သလဲသီးအပင်ခြေရင်းမှာ စိုက်ထားခဲ့တာ၊ အခု ဆရာ မြင်တွေ့တဲ့အတိုင်း စသီးတဲ့အချိန်ကစပြီး သုံး၊ လေးရက် အတွင်းမှာ လေးပေခွဲ၊ ငါးပေခွဲအထိ အရှည်ကြီးသီးနေတာ၊ လေတိုက်တိုင်းကို ကြီးနေတယ်လို့ ထင်ရပါတယ်"ဟု ဦးမော်စီက ပြုံးရွှင်စွာ ပြောပြလေသည်။ မှန်ပါသည်။ စာရေးသူတွေ့ဖူးမြင်ဖူးသုံးစွဲဖူးသည်မှာ သပွတ်သီးသည် အိုးခွက်ပန်းကန်တိုက်ချွတ်ဆေးကြောသည့်အခါ အသုံးပြုရန်အတွက် အရင့်အခြောက်ခံပြီး အခွံခွာ အစေ့ထုတ်ကာ သုံးစွဲကြရသည်ဟုသာ သိခဲ့ရသည်။ အမှန်တကယ် သပွတ်သီး နှစ်မျိုးရှိပါသည်။ အခါး၊ အချိုနှစ်မျိုးရှိကာ အချိုသီးသည် နု၍ဟင်းလျာအဖြစ် ချက်ပြုတ်စားသောက်ရသလို အခါးသီးသည် အခြောက်ခံ၍ ခန္ဓာကိုယ်အား သပွတ်သီးခြောက်နှင့်တိုက်ချွတ်ပါက အသားအရေစိုပြည်သည်။ ညှင်း၊ တင်းတိပ်၊ ဝက်ခြံ ပျောက်ကင်းစေပြီး အသားနေလောင်ခြင်း၊ အသားပပ်ခြင်း၊ အသားကွဲခြင်း၊ အသားမာဖြစ်ခြင်းများအား ကာကွယ်ပေးသည်။

(စံဇာဏီအောင်)

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ရခိုင်ပြည်နယ် စစ်တွေမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သံဃာတော်အပါး ၅၅၀တို့အား မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီတွင် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး သိမ်တော်ရှေ့၌ ကျင်းပစဉ်။ (ပြည်နယ်ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

ကျိုက်လတ် အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့သူမြို့သားများ၏ သဒ္ဓါစွမ်းအားများဖြင့် စည်ကားစွာကျင်းပခဲ့ကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၆၀၀ ကျော်တို့သည် (၂)လမ်း ရပ်တော်မူဘုရားကြီးမှ ဦးစန္ဒာလမ်းမကြီးအတိုင်း ဆွမ်းခံကြွချီတော်မူရာ ဌာနဆိုင်ရာမှဝန်ထမ်းများ၊ ဆွမ်းလောင်းအသင်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့သူ မြို့သားများက ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ လက်ဖက်ခြောက်နှင့် ဗလာစာအုပ်၊ ဘောပင်များ လောင်းလှူခဲ့ကြသည်။

ယင်းကဲ့သို့ လောင်းလှူကြသူများ အနက် ကြာသပတေးဆွမ်းလောင်းအသင်းသည် အများကောင်းမှုပေါင်းစု လှူဒါန်းထားသော လှူဖွယ်ဝတ္ထုအစုစုတို့ကိုပဒေသာပင်သီးကာ ကျောင်းတိုက်အသီးသီးအား ကံစမ်းလှူဒါန်းခဲ့ကြသည်။ ထို့အတူ ရေကြည်တော်လူမှုကူညီရေးအသင်းကလည်း ဆွမ်းဆန်စိမ်းအလှူခံကြွရောက်လာကြသော သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ဝေယျာဝစ္စလိုက်ပါသူများ၊ ဆွမ်းလောင်းလှူ ကြသူများအား အဖျော်ယမကာများတိုက်၍ ကုသိုလ်ယူခဲ့ကြသည်။ **(အသောက)**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ် (၂၈/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၈/ခ)၊ မြေနီ(၂)လမ်း၊ (၇) အနောက်၊ သာကေတမြို့နယ်၊ (ဒေါ်ခင်စန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စန်း [၉/မရမ(နိုင်)၀၀၉၃၁၂] မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းနှင့် ၂၀၀၅ ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးခဲ့ပြီး ယင်းမြေပုံဖြင့် မည်သည့်ဘဏ်တွင်မျှ ဘဏ်ငွေချေးယူခြင်း မရှိဘဲ ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ တင်ပြပြီး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၂၉၂၊ မြေကွက်တည်နေရာအမှတ် ၂၉၂၊ ၁၄ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဒေါ်ခင်မိမိ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်မိမိ (WKA-005263)မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်လွှာ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်သီး(လုံး၀)မစားသင့်ဆုံးအချိန်

ပေါက်ပေါက်

"ဗိုက်ထဲမှာ ဘာအစာမျှမရှိတဲ့အချိန်မှသာ သစ်သီးတွေကိုစားသင့်ပြီး ထမင်းစားပြီးပြီးချင်းမှာတော့ သစ်သီး (လုံး၀)မစားသင့်ကြောင်း အင်တာနက် သတင်းလွှာဖြစ်တဲ့ American Daily Health Tips မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်က အောက်ပါအတိုင်း ဖော်ပြသွားခဲ့ပါတယ်။

"ဖရဲသီးစားပြီးတိုင်း လေချဥ်တက်တယ်"၊ "ပန်းသီးစားတဲ့အခါတိုင်း လေပွလာတယ်"၊ "ငှက်ပျောသီးစားပြီးတာနဲ့ ဗိုက်နာသလိုလိုဖြစ်လို့ သန့်စင်ခန်းဝင်ရတယ်" စသည်ဖြင့် သစ်သီးနဲ့ပတ်သက်လို့ စောဒကတက်ကြပါတယ်။ ဒီပြဿနာတွေနဲ့ ပတ်သက်လို့ သစ်သီးများဆိုင်ရာခန္ဓာဗေဒသုတေသီ တစ်ဦးဖြစ်သူ အမေရိကန်လူမျိုး ဒေါက်တာ Herbert Shelton က "တကယ်တော့ ဗိုက်ဆာနေတဲ့အချိန် (အစာအိမ်ဟောင်းလောင်းဖြစ်တဲ့အချိန်) သစ်သီးတစ်မျိုးတည်းစားရင် အဲဒီလိုကျန်းမာရေးပြဿနာမျိုးတွေ မဖြစ်စေပါဘူး။ ထမင်းစားပြီးခါစ ချက်ချင်းဆိုသလို အသီးတွေ စားမိတဲ့အခါ(ဒါမှမဟုတ်)သစ်သီးကို တခြားအစားအစာတွေနဲ့ တွဲစားတဲ့အခါမှသာ ဖြစ်တာပါ။ သစ်သီးနဲ့အဲဒီအစားအစာတို့ ပေါင်းစပ်ဓာတ်ပြုပြီးတော့ ဂတ်စ်ထွက်လာပြီး အချဥ်ဖောက်လာတာမျိုးပေါ့" လို့ဆိုပါတယ်။

ဆက်လက်၍ "ဥပမာပေါ့ဗျာ၊ ခင်ဗျာတို့ပေါင်မုန့်နှစ်ချပ်ကို ပန်းသီး တစ်စိပ်နဲ့အတူတူစားမိတယ်ဆိုပါစို့၊ အစာအိမ်ထဲရောက်လို့ မိနစ် အနည်းငယ်အတွင်းမှာပဲ အစာချေရည်တွေက သစ်သီးတွေ၊ ပေါင်မုန့်တွေနဲ့ ဓာတ်ပြုပြီးတော့ အက်စစ်အချဥ်ပေါက်လာပါတယ်။ တစ်ချိန်တည်းမှာပဲ အစာတွေ ပုပ်သိုးဆွေးမြည့်သွားတော့တာပါပဲ၊ အကယ်၍ ပေါင်မုန့်နဲ့ တခြားအစာတွေမပါဘဲ သစ်သီးတစ်မျိုးတည်း သူ့ချည်းပဲစားရင်တော့ အစာအိမ်၊ အူတွေထဲ ပုံမှန်အတိုင်းတောက်လျှောက်ရောက်သွားပြီး အစာကြေညက်ဖို့ ဘာပြဿနာမှမဖြစ်စေနိုင်ဘူးလေ" လို့ ဒေါက်တာက ပြောပါတယ်။

ဒါတင်မကသေးပါဘူး။ တာရှည်ခံအောင်ပြုပြင်ထားတဲ့ သံဘူး၊ ပုလင်း (ဖျော်ရည်-သစ်သီးဘူး)တွေမှာ သစ်သီးတွေကို အပူပေးပြုပြင်ထားတာမို့ ဗီတာမင်နဲ့ အာဟာရဓာတ်တွေ ပျောက်ဆုံးကုန်ပါပြီတဲ့။ အကယ်၍ ထိုသစ်သီးဖျော်ရည်ဘူးကို မဖြစ်မနေသောက်ရတဲ့အခါမှာ ချက်ချင်းမျိုမချဘဲ ခေတ္တငုံထားပြီးမှသာ မျိုချသင့်ကြောင်း၊ အဲဒီလိုပြုခြင်းက အချိုရည်နဲ့ ခံတွင်းထဲက တံတွေးတို့ပေါင်းစပ်မိပြီး အချိုရည်ထဲမှာပါတဲ့ ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့တွေပျက်ပြယ်သွားကာ အစာအိမ်ကို ဘေးဥပဒ် မဖြစ်စေတော့ပါဘူးတဲ့။

လတ်ဆတ်တဲ့ အော်ဂဲနစ်သစ်သီးဝလံတွေဟာ အဆိပ်အတောက် ပြေစေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကျစေခြင်း၊ သက်ရှည်ကျန်းမာစေခြင်း၊ ကျန်းမာစွာဘ၀နေထိုင်မှုကိုပံ့ပိုးခြင်း စတဲ့အကျိုးကျေးဇူးများ ရရှိစေပါတယ်။ ဒါ့ပြင် ဗိုက်ဆာ(အစာအိမ်ဟောင်းလောင်းဖြစ်)နေတဲ့အချိန် သစ်သီးတွေ စားခြင်းက ဆံပင်မဖြူစေကြောင်း၊ ဦးခေါင်းထိပ် မပြောင်စေကြောင်း၊ စိတ်ဖိစီးမှုကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ မျက်ကွင်းညိုခြင်းကို သက်သာ စေကြောင်း ဒေါက်တာ Shelton က ဆိုထားပြန်ပါတယ်။

သစ်သီးဝလံတွေ အစားသင့်ဆုံးအချိန်များကတော့ (က)နံနက်အိပ်ရာထ

ရေသောက်ပြီးတဲ့အချိန် (ခ) ထမင်းမစားခင် တစ်နာရီခန့်အလို (ဂ) ထမင်း စားပြီးနောက် နှစ်နာရီအကြာ စတဲ့အချိန်တွေဖြစ်ပါတယ်။ ဆက်လက်၍ ဒေါက်တာက သစ်သီးဝလံတစ်မျိုးစီနဲ့ ပတ်သက်လို့ အောက်ပါအတိုင်း ထပ်လောင်းအကြံပြုသွားခဲ့ပါတယ်။

(ကီဝီသီး) ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်အီး၊ အမျှင်ဓာတ်တို့ ပါရှိလို့ ကျန်းမာရေးကိုဘက်စုံကောင်းစေပါတယ်။ ဒါ့ပြင် ကီဝီသီးထဲမှာပါတဲ့ ဗီတာမင်စီက လိမ္မော်သီးထက် နှစ်ဆပိုပါတယ်။

(ပန်းသီး) ပန်းသီးထဲမှာ ဗီတာမင်စီ ပါဝင်မှုမများပေမယ့် ကျန်းမာရေး အတွက် မရှိမဖြစ် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနဲ့ ဖလေဗိုနွိုက် ဓာတ်ပေါင်းစုတို့ပါရှိလို့ အူမကြီးကင်ဆာ၊ နှလုံးရောဂါနဲ့ လေဖြတ်ခြင်း စသည့် ရောဂါများ ဖြစ်နိုင်ခြေအလားအလာကို လျော့ပါးသက်သာစေပါတယ်။

(စတော်ဘယ်ရီ) ဓာတ်တိုးဆန့်ကျင်ပစ္စည်းမြင့်မားတဲ့ အသီးဖြစ်လို့ ကင်ဆာရောဂါများကို ကာကွယ်ပေးပါတယ်။ မလိုလားအပ်တဲ့ Free radicals များကို တိုက်ထုတ်ပေးပြီး သွေးကြောများပိတ်ဆို့ခြင်း မဖြစ်စေတော့ပါဘူး။

(လိမ္မော်သီး) တစ်နေ့ကို သုံးလုံးပုံမှန်စားပေးခြင်းဖြင့် အအေး မိခြင်း(လုံး၀)မဖြစ်စေနိုင်ပါဘူး။ လိမ္မော်သီးမှာ အက်စစ်ဓာတ်ကြွယ်ဝပေမယ့် ခန္ဓာကိုယ်အတွက် အယ်လ်ကာလီမျှတစေတာကြောင့် ကိုလက်စထရော ကျစေခြင်း၊ ဆီးကျောက်ကြေစေခြင်း၊ အူမကြီးကင်ဆာ ဖြစ်နိုင်ခြေ အလားအလာကို လျှော့ချပေးခြင်း စတဲ့ကောင်းကျိုးတွေပေးပါတယ်။

(ဖရဲသီး) ဖရဲသီးမှာ ခွန်အားပြည့် glutatione ဓာတ်တွေ အမြောက် အမြားပါရှိတဲ့အပြင် ကင်ဆာများကို တိုက်ထုတ်ပေးတဲ့ lycopene ဓာတ် ရရှိရာအရင်းအမြစ်လည်းဖြစ်စေပါတယ်။ ဒါ့ပြင် ရေဓာတ် ၉၂ ရာခိုင်နှုန်းနဲ့ ဖွဲ့စည်းထားတာကြောင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေပါတယ်။

(မာလကာသီးနဲ့ သင်္ဘောသီး) ထိုအသီး နှစ်မျိုးစလုံးမှာ ဗီတာမင်စီ ကြွယ်ဝစွာပါရှိပါတယ်။ မာလကာသီးမှာ အမျှင်ဓာတ်ကြွယ်ဝစွာပါရှိလို့ ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးပါတယ်။ သင်္ဘောသီးထဲမှာပါရှိတဲ့ ကယ်ရိုတင်းဓာတ်က မျက်လုံးအားကောင်းစေပါတယ်။ ။

လူမှုရေး/စီးပွားရေးကြော်ငြာ

ဘ၀တွက်တာ ကျွမ်းကျင်စရာ life skill သင်တန်းဖွင့်

ရေဦး အောက်တိုဘာ ၂၃

ကျောင်းသား ကျောင်းသူများအား ရောဂါကူးစက်ပြန့်ပွားမှု တားဆီးပေးနိုင်သော အသိတရားများ ဘ၀တွက်တာ ကျွမ်းကျင်စရာ အခြေခံကျွမ်းကျင်မှုများ ကျန်းမာစွာနေထိုင်ပြုမူ ကျင့်ကြံမှုများကို လေ့ကျင့်မြှင့်တင်ပေးရေး ရည်မှန်းချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ရေဦး၊ ခင်ဦး၊ တန့်ဆည် ၊ ဒီပဲယင်းမြို့နယ်များမှ အခြေခံပညာ အလယ်တန်းအဆင့် ဆရာ ဆရာမများအတွက် ဘ၀တွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် သင်ကြားမှု၊ သင်ယူမှု life skill သင်တန်းကို အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီက ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ဖွင့်လှစ်ကာ သင်တန်းပို့ချလျက်ရှိသည်။

သင်တန်းတွင် မြို့နယ် လေးမြို့နယ်မှ အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမ စုစုပေါင်း သင်တန်းသား ၃၀၄ ဦး တက်ရောက် သင်ယူလျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနအဖွဲ့ ဆရာမဒေါ်လှမြသိန်းနှင့် သင်တန်းနည်းပြဆရာ ၁၄ ဦးတို့က တာဝန်ခံသင်ကြားပို့ချလျက်ရှိသည်။

သင်တန်းကို ဘ၀တွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် သင်ကြားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပိုမိုကောင်းမွန်လာစေရန် ကျောင်းသားများ၏ လိုအပ်သော သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများရရှိစေရန်နှင့် ဘ၀တွက်တာ ကျွမ်းကျင်စရာ အခြေခံကျွမ်းကျင်မှုများရအောင် ပြုစုပျိုးထောင်ပေးရာတွင် ကလေးဗဟိုပြု ချဥ်းကပ်နည်းကို စနစ်တကျ အသုံးပြုတတ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါသင်တန်းကို ပညာရေးနှင့် ယူနီဆက်တို့ ပူးပေါင်းလျက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဆီးဂိမ်းဂုဏ်ပြု မြိတ်သားဦးအောင်သူ နေပြည်တော်အထိ လမ်းလျှောက်

ရန်ကုန် အောက်တိုဘာ ၂၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော် (ဆီးဂိမ်း)ကို အထူးဂုဏ်ပြုကြိုဆိုသော တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစု ပင်လယ်သား ဦးအောင်သူသည် အားကစားပွဲကျင်းပရာ နေပြည်တော်အထိ ဒုတိယအကြိမ် အောက်တိုဘာ ၁ ရက် မြန်မာပြည်တောင်ပိုင်း ဝိတိုရိယအငူ(ဦးအောင်ဇေယျအငူ)မှ စတင်ထွက်ခွာလာရာ အောက်တိုဘာ ၁၆ ရက် ထားဝယ်မြို့၊ အောက်တိုဘာ ၁၇ ရက် ကလိန်အောင်မြို့၊ အောက်တိုဘာ ၁၈ ရက် ရေးမြို့၊ အောက်တိုဘာ ၂၀ ရက် သံဖြူဇရပ်မြို့၊ အောက်တိုဘာ ၂၂ ရက် မုဒုံမြို့၊ အောက်တိုဘာ ၂၃ ရက် မော်လမြိုင်မြို့၊ အောက်တိုဘာ ၂၄ ရက် ပေါင်မြို့၊ အောက်တိုဘာ ၂၆ ရက် သထုံမြို့၊ အောက်တိုဘာ ၂၇ ရက် ဘီးလင်းမြို့၊ အောက်တိုဘာ ၂၈ ရက် ကျိုက်ထိုမြို့၊ အောက်တိုဘာ ၂၉ ရက် ဝေါမြို့၊ အောက်တိုဘာ ၃၁ ရက် ပဲခူးမြို့၊ နိုဝင်ဘာ ၂ ရက် စနေနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ဦးသို့ ရောက်ရှိလာမည်ဖြစ်ပြီး ဘုရားဖူးခြင်း၊ အာဇာနည်ဗိမာန်ရှေ့ အလေးပြုခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင် နေပြည်တော်သို့ ဆက်လက်ခရီးထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(လေသူရဲကောင်း-မိတ္ထီလာ)



မိတ္ထီလာမြို့၊ အထက (၁) ကျောင်းတော်ကြီးတွင် **"(၁၇)ကြိမ်မြောက်"** အာစရိယပူဇော်ပွဲကြီးကို **၂၄-၁၁-၂၀၁၃**ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပူဇော်ကန်တော့ခံယူကြမည့် အသက် (၆၀) ကျော် ဆရာကြီး/ဆရာမကြီးများခင်ဗျား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ တက်ရောက်ကြပါရန်နှင့် ပူဇော်ကန်တော့ကြမည့် ကျောင်းသား/သူဟောင်းများကိုလည်း (မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ
မိတ္ထီလာမြို့။

ဆက်သွယ်လျှဒါန်းရန်

၁။ ဒေါ်မာလာ[၉/မထလ(နိုင်)၀၂၁၅၁၁]ကျောင်းအုပ်ကြီး၊ အထက(၁)၊ မိတ္ထီလာ
ဖုန်း-၀၆၄-၂၃၀၁၉၊ ၀၉-၂၂၀၁၀၉၈
၂။ ဒေါ်စုစုလွင်[၉/မထလ(နိုင်)၀၂၀၆၁၁](အထပြ-ငြိမ်း)၊ မိတ္ထီလာ **ဖုန်း-၀၆၄-၂၅၇၇၂**
၃။ ကိုသက်နိုင်ဦး-ဒေါက်တာ ဆွေဇင်ဝင်း၊ မန္တလေးမြို့။ **ဖုန်း-၀၉ ၂၀၂၀၃၃၃၊ ၂၀၃၀၅၅၅**
၄။ ဒေါ်မြင့်မြင့်ခိုင် (MTA-170745)ဝင်းနားဘော်ဒါ **ဖုန်း-၀၆၄-၂၃၄၇၅၊ ၀၉-၂၂၀၀၂၇၅**
၅။ ဒေါ်မေရီလွင်(အထပြ)အထက-၁၊ မိတ္ထီလာ **ဖုန်း-၀၉-၂၀၁၄၉၆၄**

တွန်းသဘော်ာ ရောင်းမည်

အလျား - ၁၁၀ ပေ
အနံ - ၁၉½ ပေ
အမြင့် - ၂၁ ပေ
အင်ဂျင် - HINO - F17E
စလုံးထိုးအင်ဂျင် ၂လုံးထိုင်

Ph : 09-401537305, 09-73168818
01-695183, 01-685318





သုံးလောကထွတ်ခေါင် မာရ်အောင်ရတနာ ဘုရားပွဲတော်ကျင်းပမည်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ အမှတ်(၁)ရပ်ကွက်အတွင်းရှိ သုံးလောကထွတ်ခေါင် မာရ်အောင်ရတနာဘုရားကြီးတွင် နှစ်စဉ်ကျင်းပလျက်ရှိသော ဗုဒ္ဓပူဇနိယပွဲ၊ သံဃာ့ပူဇာပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဈေးပွဲတော်နှင့်ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ဈေးရောင်း၊ ဈေးသည်နှင့်ပျော်ပွဲရွှင်ပွဲ မိတ်ဟောင်းမိတ်သစ်များ ဂေါပကအဖွဲ့နှင့် ဆက်သွယ်ကြပါရန်။

ကျင်းပမည့်နေ့ရက် - ၁၇-၁-၂၀၁၄ရက်မှ ၂၃-၁-၂၀၁၄ရက်ထိ

ကျင်းပမည့်နေရာ - အမှတ်(၁)ရပ်ကွက်၊ သုံးလောကထွတ်ခေါင် မာရ်အောင်ရတနာဘုရားကြီးဝင်းအတွင်း

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၂၀၀၂၂၄၆၁၇၊ ၀၉-၄၂၀၀၆၈၉၆၈၊ ၀၉-၈၆၁၉၂၄၆၊ ၀၉-၃၁၁၂၁၅၀၉

အ.ထ.က (၂) လှိုင်

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်

မဂ္ဂဇင်းထုတ်ဝေမည်။

[illegible]

(၁) [illegible]

(၂) [illegible]

(၃) [illegible]

(၄) [illegible]

(၅) [illegible]

မွေးနေ့ မင်္ဂလာဆုတောင်း

[illegible]

မွေးနေ့ဆုမွန်လွှာ

မိဘသခင် အားထားရသော ကျေးဇူးရှင်

"ဘဘထွေး"

မွေးနေ့ရောက်ရှိမှသည် နောင်နှစ်ပေါင်းများစွာတိုင်

မိသားစု၊ ညီအစ်ကိုမောင်နှမများနှင့်အတူ

ပျော်ရွှင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းလျက် .....

ချစ်သော

ညီအစ်ကိုမောင်နှမများ

တူ၊ တူမများ

[illegible] မိသားစု

မြေကွက်ဝယ်လိုသည်

[illegible]

09 31268183

09 31589922

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆/ကံဘဲ့၊ မြေကွက်အမှတ်-၈. F/၃. E၁၊ မြေကွက်တည်နေရာအမှတ်(၇)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ဦးစံသိန်း)အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား အမည်ပေါက် ဦးစံသိန်း[၁၂/ကမတ(နိုင်)၀၀၈၈၁၀] ကွယ်လွန်သဖြင့် ဒေါ်ဘယ်လာ[၁၂/ကမတ(နိုင်)၀၁၂၃၄၀]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့ဆုမွန်လွှာ

[illegible]

Royal Michelia Co.,Ltd.

KBZ Bank Account No. 070 12 100 73 733

ကျေးဇူးတင်မှတ်တမ်းလွှာ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အောင်တော်မူ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ သီလာစာရ သဒ္ဓမ္မ ဇောတိကဓဇသည် ကျောက်ကပ် အစားထိုး၍ ကျန်းမာစွာဖြင့် ရန်ကုန်မြို့တွင် သီတင်းသုံးလျက်ရှိပါသည်။

ကျောက်ကပ် အစားထိုးပေးသော ဆီးနှင့်ကျောက်ကပ်ပါမောက္ခ ဦးခင်မောင်မောင်သန်း၊ ဆီးနှင့် ကျောက်ကပ်ပါမောက္ခ ဦးသန်းအေး(ခုတင် ၁၀၀၀၊ မင်္ဂလာဒုံစစ်ဆေးရုံ)၊ ဗိုလ်မှူးချုပ် ဦးတင်မောင်အေး၊ ဒု-ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ ဗိုလ်မှူးကိုကိုမောင်၊ ဗိုလ်မှူး ဝင်းကျော်ရွှေနှင့် ဆရာ၊ ဆရာမများကိုလည်းကောင်း၊ မေ့ဆေးဆရာဝန်ကြီးဦးစိုးဝင်း၊ သွေးရှာဖွေပေးသော မဝင်းဝင်းအေးနှင့် သွေးလှူဒါန်းပေးသော အလှူရှင်များအား လည်းကောင်း၊ ယာဉ်တာဝန်ယူလှူဒါန်းပေးသော ကိုအောင်မျိုး-မနီနီစိုး၊ ရဟန်းဒါယကာ ဦးမြင့်စန်း- ဒေါ်အေးအေးစန်း မိသားစုကိုလည်းကောင်း၊ ကျောက်ကပ်လှူဒါန်းပေးသော ညီလေး မောင်ချစ်ကိုအားလည်းကောင်း၊ ဆေးရုံတက်စဉ် ဝေယျာဝစ္စ ဆောင်ရွက်ပေးသော ညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေများအား လည်းကောင်း၊ ရဟန်းမယ်တော် ဒေါ်လုံးနှင့် မိသားစုများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဆရာတော် ဦးသီလာစာရ
သဒ္ဓမ္မဇောတိကဓဇ
အောင်တော်မူ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း
လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

စိန်အန်ထော်နီ- အထက(၄)မင်္ဂလာတောင်ညွန့် (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ညစာစားပွဲကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ မြတ်ဆရာပူဇော်ပွဲကို နံနက် ၉း၀၀နာရီတွင်လည်းကောင်း၊ ညစာစားပွဲကို အဆိုပါနေ့ ညနေ ၆း၀၀ နာရီတွင်လည်းကောင်း ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၁-၃၇၅၈၈၄၊ ဦးစိန်ဝင်း ဖုန်း-၀၉ ၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၀၉ ၄၂၁၁၂၀၅၃၀၊ ဦးသက်မင်း ဖုန်း-၀၉ ၅၀၇၀၂၉၈၊ ဦးတင်အောင်လင်း ဖုန်း-၀၉ ၄၃၁၂၄၆၆၄၊ ဦးစိုးဝင်း ဖုန်း ၀၉ ၇၃၁၀၃၃၈၂၊ ဦးလှမြင့်ဖုန်း- ၀၉ ၅၅၀၁၅၈၈၊ ဦးမျိုးအောင် ဖုန်း ၀၉ ၄၃၁၄၇၆၀၁၊ ဆရာသစ်လွင် (သချာ်) ဖုန်း -၀၉ ၅၁၉၅၄၁၇၊ ဦးသက်နိုင်ဦး ဖုန်း-၀၉ ၇၃၀၆၉၈၃၆ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ရေဦးမြို့နယ်၊ တင်းတိမ်ရုံ(ထန်းတောဗောဓိ) အစိုးရအထက်တန်းကျောင်း ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်

ရေဦးမြို့နယ်၊ တင်းတိမ်ရုံကျေးရွာ (ထန်းတောဗောဓိ) အထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမဟောင်းများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။ ကျင်းပမည့် နေ့ရက်မှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်(သောကြာနေ့) (၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်)ဖြစ်ပြီး အထူးစည်ကားစွာ ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများအနေဖြင့် တက်ရောက်ကြရန်နှင့် အကြံဉာဏ်များနှင့် အလှူငွေများကို အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းအကြံပြုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁)	**ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)**	**ရန်ကုန် - ဖုန်း-၀၁-၂၄၆၅၅၁၊ ၀၁-၃၇၅၂၈၃ အမှတ်-၅၆- ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
(၂)	**ဒေါ်ခင်ပြုံးရည်**	**မန္တလေး- ဖုန်း-၀၉၆၈၁၉၂၉၀**
(၃)	**ဦးကံညွန့်**	**မြစ်ကြီးနား- ဖုန်း-၀၉၂၅၉၀၁၄၉၄၀**
(၄)	**ဦးရွှေမောင်း**	**မိုးကုတ်- ဖုန်း-၀၉၆၅၃၈၈၁၄**
(၅)	**ကျောင်းအုပ်ဆရာမကြီး**	**ဖုန်း-၀၇၁- ၅၅၂၀၂**

ထန်းတောဗောဓိ အစိုးရအထက်တန်းကျောင်း၊ ရေဦးမြို့နယ်။

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကိုမောင်နှမများ မပျက်မကွက်တက်ရောက် ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်- (၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်)၊ ၁-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - ညနေ ၄း၀၀နာရီ

ကျင်းပမည့်နေရာ - M-3 Food Center ၊ ဗဟန်းအားကစားကွင်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် - ဦးမောင်မောင်အေး ၀၉၅၁၂၆၆၆၅၊ ဦးအေးနိုင် ၀၉၅၀၆၀၈၉၇၊ ဦးခင်မောင်မြင့် ၀၉၅၁၃၀၅၁၄၊ ဦးလှသိန်း ၀၉၈၃၀၁၈၃၉၊ ဦးမြဦး ၀၉၅၀၃၁၅၃၈၊ ဦးတင်မောင်လွင် ၀၉၇၃၁၃၆၃၂၇၊ ဦးတိုးဝင်း ၀၉၅၁၀၃၇၂၂၊ ဦးအောင်အောင်ဝင်း ၀၉၅၀၃၃၅၀၃၊ ဒေါ်ခင်ဝင်းကြည် ၀၉၇၃၁၀၀၈၆၅

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်) မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၄ရက်(စနေနေ့) နံနက် ၉း၀၀နာရီတွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်းကျောင်းသား၊ ကျောင်းသူများအားလုံး ဆုံဆည်းနိုင်ဖို့အတွက် မပျက်မကွက် ဆက်ဆက်တက်ရောက်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်နေရာ- ရွှေကျင်သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး)

Shwe Yee Mon Travel Service Provider
Oct-27
Service Guide
Air-Con Bus, Resturant
09-250277537, 09-5125949

Reunion Dinner
Dinner Ticket

မဒေါက်မြို့အထကမှ(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်) ၁၇-၁၁-၂၀၁၃ရက် နံနက် ၉း၀၀နာရီတွင် အထကမဒေါက်၏ နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ရန်ကုန်	-	ဗိုလ်ကြီးခင်ဝင်း (ငြိမ်း) ၀၉၅၁၉၄၈၆၄၊ ဦးသန်းလွင် ၀၉၅၁၀၈၇၉၉၊ ဦးအေးလွင် ၀၉၅၁၈၁၀၅၀
မန္တလေး	-	ဦးဝင်းထိန် ၀၉၆၈၀၄၆၈၅၊ ဒေါ်ဝင်းသန်း အထက(၁၆)၊ မန္တလေး
မဒေါက်	-	ဒေါ်လွင်လွင်ဦး ၀၅၂-၄၂၄၃၆ ကျောင်းအုပ်ဆရာမကြီး၊ အထက၊ မဒေါက်
	-	ဦးလှကြည် -၀၅၂-၄၂၅၀၇

တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

၁၉၈၃-၁၉၈၇ခုနှစ် တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် သူငယ်ချင်းများအား ဖိတ်ခေါ်အပ်ပါသည်။ မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို အောက်ပါ သူငယ်ချင်းများထံတွင် ဆက်သွယ်၍ ပါဝင် လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်နေရာ	-	ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းယားလမ်း၊ ရန်ကုန်မြို့
ကျင်းပမည့်နေ့ရက်	-	၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်(စနေနေ့)
ကျင်းပမည့်အချိန်	-	ညနေ ၃း၀၀နာရီတိတိ

ဒေါက်တာသီတာသန်းမောင် ဖုန်း-၀၉၅၀၄၇၉၁၇
ဒေါက်တာ ခင်ဝေဝေထွဋ် ဖုန်း-၀၁-၂၂၁၁၆၂
ဒေါက်တာ ဝင်းဝင်းမြင့် ဖုန်း-၀၉၂၀၃၁၆၇၇
ဒေါက်တာ အောင်ညွန့်ဆန်း ဖုန်း-၀၉၅၀၂၂၄၅၃

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့



အောင်လံမြို့နယ်သူ/သားများ၏ စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့်သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့ရောက် အောင်လံမြို့သူ/သားအားလုံး **"စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ"**အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောင်လံမြို့နယ်သူ/သားအားလုံး(မိသားစုအလိုက်) ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူကျင်းပမည့်နေ့	- ၂-၁၁-၂၀၁၃ရက် (စနေနေ့) (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့)
အလှူကျင်းပမည့်အချိန်	- နံနက် ၉း၀၀ နာရီမှ ၁၂း၀၀နာရီထိ
အလှူကျင်းပမည့်နေရာ	- သက္ကနီမ္မိတာရုံသီလရှင်စာသင်တိုက် ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်။

ကထိန်ပွဲဖြစ်မြောက်ရေးကော်မတီ

ကြေး/မြေမိသားစုလှူမှုရေးအသင်း ပထမအကြိမ် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ကြေး/မြေမိသားစုလှူမှုရေးအသင်း၏ ပထမအကြိမ် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၄ ရပ်ကွက်၊ သုဓမ္မဝါဒီ စာသင်တိုက်(သီရိမြိုင်ဘူတာအနီး)တွင် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) ၉-၁၁-၂၀၁၃ရက်(စနေနေ့) နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ အထိ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ ဝန်ထမ်းများ၊ မြေစာရင်းအငြိမ်းစားများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကထိန်သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စနှင့် ပဒေသာပင်သီးရန် အလှူဒါနအစုစုတို့ကို ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဦးဝင်းထွန်းနီ ၀၉-၅၁၄၄၄၅၁၊ ဦးကျင်ထွန်း ၀၉-၅၀၂၂၇၈၀၊ ဦးသန်း ၀၉-၄၃၂၀၀၉၀၄၊ ဦးစောလှိုင် ၀၉-၅၁၄၀၇၁၃၊ ဦးဇော်မင်း ၀၉- ၅၃၅၂၄၁၈ တို့ထံ ဆက်သွယ်၍ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့၊ ကြေး/မြေ မိသားစုလှူမှုရေးအသင်း

တစ်ချက်တည်းကျင်းဝင်

ဦးကျော်ဦးသည် ကစားဖော်များဖြစ်ကြသော ဦးတင့်ရှိန်၊ ဦးဝင်းမောင်၊ ဦးကျော်စိုးတို့အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ၁၅-၁၀-၂၀၁၃ ရက် ၁၀ နာရီအချိန် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)၌ (၁၃၀)ကိုက်အကွာမှ Titleist Pro V1 (2) ဘောလုံးကို Honma-11 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

ကစားဖော်များ

ကဝမဟာစည်ဘုံကထိန်ပွဲ

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ရာဇာဓိရာဇ်လမ်း၊ ကဝမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း ပုရိမဝါမှ ထတော်မူကြသော ကဝဆရာတော် အရှင်ဝဏ္ဏိသရ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ မဟာစည် နယ်လှည့်ဓမ္မကထိက အရှင်မြတ်နှင့် သံဃာတော်အရှင်မြတ်တို့အား ပဥ္စမအကြိမ် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်) ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး အသီးသီးမှ ကထိန် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၅၂ -၃၀၉၅၁၊ ၀၉-၅၀၆၆၂၉၈
အကျိုးတော်ဆောင်အဖွဲ့၊ ကဝမဟာစည်

အင်းစိန်မြို့နယ် တိရစ္ဆာန်ဆေးကုသိပ္ပံ အာစရိယပူဇော်ပွဲနှင့် သက်ကြီးဆရာကန်တော့ပွဲကျင်းပမည်

အင်းစိန်မြို့နယ်၊ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းသားဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် သက်ကြီးဆရာကန်တော့ပွဲကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ်၊ မွေး/ကုဦးစီးရုံးဟောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဦးအောင်စိုး ၀၉ ၉၁၀၃၁၆၂၈၊ ဦးထွန်းလှိုင် ၀၉၅၁၆၂၂၄၈၊ ဦးအောင်သန်းဝင်း ၀၁-၅၃၈၄၈၂၊ ဦးထွန်းရှိန် ၀၉ ၄၅၇၂၁၈၅၇၊ ဦးအောင်သန်းမြင့် ၀၉ ၄၂၀၈၄၀၃၁၊ ဦးတင်မောင်ထွေး ၀၉ ၃၁၀၇၅၅၄၅၊ ဦးဖိုးစိုး ၀၉၅၁၁၆၉၀၉၊ ဦးမျိုးညွန့် ၀၉ ၂၅၀၁၈၇၉၂၅

စာမူဖိတ်ခေါ်ခြင်း

သထုံမြို့နယ်အသင်း (ရန်ကုန်)
(၄၂)နှစ်မြောက် တည်ထောင်ခြင်းအထိမ်းအမှတ်မဂ္ဂဇင်း

သထုံမြို့နယ်အသင်း(ရန်ကုန်) (၄၂) နှစ်မြောက် တည်ထောင်ခြင်းအထိမ်းအမှတ် မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ပါသဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် ရှားပါးဓာတ်ပုံများပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံ့ဂုဏ်ဆောင်၊ သထုံမြို့နယ် ဂုဏ်ဆောင် သထုံသူ/သားများ၏ အမှတ်တရဓာတ်ပုံများ၊ သမိုင်းဝင်ဓာတ်ပုံများကို ငှားရမ်းကူညီပေးပါရန်နှင့် အသုံးပြုပြီးပါက ပြန်လည်ပေးပို့ပါမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

2014 January လ နောက်ဆုံးပတ်ထား၍ ပေးပို့ပါရန်ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်		သထုံမြို့	
၁။ ဦးအေးသန့်	၀၁-၅၄၈၈၇၈	၁။ ဦးတင်ဝင်း၊ ဦးမျိုးအောင်	၀၉-၂၅၀၁၇၂၈၂၈
၂။ ဦးမြတ်သန်း	၀၉-၄၂၁၀၇၃၃၂၄	၂။ ဦးမောင်မောင်တင်ဝင်း	၀၅၇-၄၀၅၃၈
၃။ ဦးထွန်းရွှေ	၀၁-၆၄၁၆၁၆	၃။ ဒေါ်ခင်မာအေး	၀၅၇-၄၀၄၃၇
၄။ ဦးမြင့်စိုး	၀၉-၂၅၀၁၇၂၈၂၈	၄။ တက္ကသိုလ်ဖြူဖြူအောင်	၀၉-၃၇၂၀၃၀၄
၅။ ဦးသန်းထွန်း	၀၉-၃၁၁၃၄၇၈၆		

မိုးထက်မြင့် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း

စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်(သီးသန့်)

ရောင်း၊ ဝယ်၊ ငှား၊ ကြိုပွိုင့်

Ph: 09-73110281, 0943196509

မိုးမခလမ်း၊	ပေ(၁၂×၅၀)၊ (၆)လွှာ(တိုက်သစ်)၊ (၂၄၅သိန်း)
ညောင်တုန်းလမ်း၊	ပေ(၁၅×၅၅)၊ (၅)လွှာ၊ (၃၅၅ သိန်း)
မင်းလမ်း၊	ပေ(၃၀×၅၅)၊ (၅)လွှာ၊ (၇၅၀ သိန်း)
ဗဟိုလမ်း၊	ပေ(၂၅×၅၅)၊ မြေညီထပ်၊ ရောင်း/ငှား၊ ၂၅၀၀သိန်း၊ ၇သိန်း
ကြံခင်းလမ်း၊	ပေ(၁၂×၅၅)၊ မြေညီထပ်၊ ငှား (၂. ၆ သိန်း)

ကြိုပွိုင့်၊ တိုက်ခန်း၊ ကွန်ဒို၊ ရောင်းဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။



ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၆၅၇/က)၊ (အလျား ပေ၂၀×အနံပေ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးစံမြင့်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်တင်ဝင်း(ဘ) ဦးလှမောင် [၁၂/ဒပန(နိုင်)၀၁၅၃၂၃] ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၆၅၇/ခ)၊ (အလျားပေ၂၀×အနံ ပေ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးညွန့်ဝင်းထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်တင်ဝင်း(ဘ) ဦးလှမောင် [၁၂/ဒပန(နိုင်)၀၁၅၃၂၃]ကိုင်ဆောင် ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



မျက်ပွင့်သင်တန်းအမှတ်စဉ်(၁၀)

နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော ဓမ္မဒါနသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အရည်အချင်းပြည့်မီသူလူငယ်များ တက်ရောက်နိုင်သည်။

သင်တန်းကာလ	- ၂၆-၁၀-၂၀၁၃ရက်မှ ၄-၁၁-၂၀၁၃ရက်ထိ၊ နေ့စဉ်(၁၀)ရက်။
သင်တန်းချိန်	- နံနက် ၁၁း၃၀ နာရီမှ ညနေ ၄း၃၀ နာရီထိ။
ပို့ချမည့်ဘာသာရပ်	- ဗုဒ္ဓနည်းကျတွေးခေါ်ခြင်း၊ ဘဝစီမံခန့်ခွဲခြင်း၊ ပန်းချီ၊ ဂီတ၊ ဒီဇိုင်း။
သင်တန်းသားအရည်အချင်း	- အနိမ့်ဆုံးအားဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး ဖြစ်ရမည်။
စာရင်းပေးသွင်းရန်	- ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၃၈၇၃၆၁

ရှင်သာမဏေဓမ္မဗိမာန်သာသနာ့ဝန်ဆောင်အဖွဲ့

အလက(၉) အင်းစိန်(ယခင်စိန်ဂျော့)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

အလက (၉) အင်းစိန်(ယခင်စိန်ဂျော့)၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အလက(၉) အင်းစိန်ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ နီးစပ်ရာကျောင်းသား၊ ကျောင်းသူဟောင်းများအနေနှင့် အချင်းချင်း အကြောင်းကြား ဖိတ်ကြားပေးပါရန် နှိုးဆော်အပ်ပါသည်။ ဆရာ၊ ဆရာမကြီးများအနေနှင့်လည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-

မအေးအေးချစ်	၀၉၄၉၂၉၃၃၅၅
မညွန့်ညွန့်စိန်	၀၉၄၃၁၈၅၉၉၅
ကိုတင်ထွန်း	၀၉၃၁၀၈၆၈၅၅
ကိုအောင်အောင်	၀၉၅၀၆၃၄၈၀
မစီစီမာ	၀၉၇၃၁၇၇၃၉၄
ဦးတင်ထွန်းဦး	၀၉၄၃၁၆၃၄၅၅
အလက(၉)ကျောင်းအုပ်ကြီး	၀၁-၆၄၀၁၆၉

ချောက် (G.T.I) (၁၉၉၇-၂၀၀၀)ပြည့်နှစ်

ချောက် သခင်ဖိုးလှကြီးစက်မှုလက်မှုသိပ္ပံမှ သူငယ်ချင်းတို့ ဆရာဖြစ်(T.T.T.I) နေ့(Day)၊ ည(Evening) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို စတုတ္ထ အကြိမ်အဖြစ် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (တနင်္ဂနွေနေ့)တွင် ချောက်မြို့၌ ကျင်းပမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်(စနေနေ့) ညတွင် Dinner ပြုလုပ်မည်ဖြစ်ပါ၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါတယ်။ မြတ်ဆရာများကို ပူဇော်ကန်တော့ရင်း ဒို့တစ်တွေ ပျော်ပျော်ပါးပါး တွေ့ဆုံကြရအောင်. . .

ဆက်သွယ်လှူဒါန်းနိုင်ရန်

၁။	သူမင်းထိုက်	-၀၉၅၀၆၀၈၂၆	ရန်ကုန်မြို့
၂။	စောထွန်း	-၀၉-၅၀၅၇၃၉၆	ရန်ကုန်မြို့
၃။	ပန်းဇာဖြူ မြင့်မြင့်စန်း	-၀၉၄၀၁၅၁၅၀၁၊ ၀၉-၅၁၇၄၁၂၆	ရန်ကုန်မြို့
၄။	ထွန်းဝင်းနိုင်	-၀၉၄၄၈၅၃၆၆၅၄၊ ၀၉-၄၉၂၉၇၇၇၂	နေပြည်တော်
၅။	တင်မာနွဲ့	-၀၉၄၉၂၀၉၈၉၆	နေပြည်တော်
၆။	နေလင်း	-၀၉-၂၁၃၁၈၆၁	မန္တလေးမြို့
၇။	အောင်မြတ်မိုး	-၀၉၂၀၂၃၂၈၈	မန္တလေးမြို့
၈။	စန်းယု(M.I.T)	-၀၉၉၁၀၁၆၉၅၆	မန္တလေးမြို့
၉။	ဝင်းဇော်ဇော်ဌေး	-၀၉၄၀၀၃၀၁၁၇၆	တောင်ကြီးမြို့
၁၀။	ဘုန်းကျော်	-၀၉၄၀၀၄၇၅၈၉၈	မုံရွာမြို့
၁၁။	လင်းလင်း	-၀၉၄၀၁၅၉၁၃၅	မကွေးမြို့
၁၂။	ထင်ကျော်ဖြိုး	-၀၉၅၃၄၁၀၀၇	ချောက်မြို့
၁၃။	အဲရိုးလတ်	-၀၆၁-၂၁၄၁၅၊ ၀၉ ၄၉၃၀၂၅၁၁	ချောက်မြို့
၁၄။	ဝင်းဝင်းထွေး	-၀၉၂၃၀၂၃၂၄	ပခုက္ကူမြို့
၁၅။	မူမူသန့်	-၀၉၄၀၁၅၄၁၂၄၀	ကျောက်ပန်းတောင်းမြို့
၁၆။	အေးလင်းညွန့်	-၀၉-၄၀၁၅၇၂၈၃၈	သရက်မြို့

Bank Account No ထင်ကျော်ဖြိုး+၁ SM 3942 ထွန်းဖောင်ဒေးရှင်းဘဏ်၊ ချောက်မြို့တွင်လည်း ထည့်ဝင်လှူဒါန်းနိုင်ပါတယ်။

ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)ကိုယ်တိုင်ဦးစီးသင်ကြားသော

DSA, DSTA, DSMA, OTS (ဘွဲ့ရအမျိုးသမီး)

ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ

စာတွေ့/ လက်တွေ့/ ဉာဏ်စမ်း/

GENERAL KNOWLEDGE

အမှတ်(၃၂)၊ ခူဝံလမ်း၊ ဗိုလ်တိုက်ချွန်းလမ်း၊ မင်္ဂလာဒုံ ခရေပင်လမ်းမကြီး၊ (၂/က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။

ဖုန်း-၀၉-၇၃၀၉၂၁၄၄၊ ၀၉-၄၂၀၀၄၄၀၃၃



ENJOY ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ဦးတည်းမူပိုင်ခွင့်ဖြစ်ကြောင်းနှင့် အခြားသူများအနေဖြင့် ENJOY ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ကြော်ငြာခြင်း၊ မပြုလုပ်ရန် သတိပေးတားမြစ်ခြင်းနှင့် အများသိစေရန် ကြေညာခြင်း

[illegible]

ENJOY ENJOY

မှတ်ပုံတင်စာချုပ်အမှတ်-၄/ ၁၂၈၅/ ၂၀၁၃ | မှတ်ပုံတင်စာချုပ်အမှတ်-၄/ ၁၂၈၆/ ၂၀၁၃

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်ထွေး၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၁)
အမှတ်(၂၉)(ပထမထပ်)(၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph- ၂၅၃ ၂၆၅

ဒဏ္ဍာရီ
Discount (15000/-Ks)
100%
Ph: 09-73048888
[illegible]

နိုင်ငံခြားနှင့်နေရပ် ကျွမ်းကျင်မှု
ဝယ်/ငှားသန့်စင်သော (အိမ် (ခြံ၊ မြေ)များ

- [illegible] (30'×60') 3RC 2MBR - 3200 သိန်း
- တာ/ဥ(B)ရပ်ကွက် (20'×60') 2RC 2MBR - 3000 သိန်း
- [illegible] (50'×40') 1RC 2BR - 1600 သိန်း
- [illegible] (1850 sqft) 1MBR,2BR,Lift - 3800 သိန်း
- Ocean Condo (1550 sqft) 1MBR,2BR,Lift - 2500 သိန်း
- [illegible] (1180 sqft) 1MBR,2BR 3F 850 သိန်း
- [illegible] (40'×60') 2BR Hall (ငှား) 25 သိန်း
- [illegible] (30'×67') 2RC 2MBR,1BR (ငှား) 18 သိန်း
- Race Course Condo (1400 sqft) 1MBR,2BR,Lift (ငှား) 18 သိန်း
- [illegible] (17'×60') 1MBR,2A/C,Lift (ငှား) 10 သိန်း

[illegible] Ph: 8500771, 8500772, 8500773,
09 31608881, 09 31608880, 0931608883
E.mail : saikhungnoung1995@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၆၅၄ ၁/၂)၊ မြေကွက်တည်နေရာအမှတ် (၆၅၄ ၁/၂)၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးတင်မောင်)[၁၂/ဥကမ(နိုင်)၁၁၀၉၁၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရင်[၁၂/ဥကမ(နိုင်)၁၁၀၆၂၉]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ်(၁၂၁၁) အမည်ပေါက် ဦးမြင့်မောင်၏ မြေကွက်ကိုလက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စီစီမေ[၁၀/ရမန(နိုင်)၀၇၇၉၀၈]မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ (၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဌေးအောင်ကျော်

TV, LCD, LED, Amplifier စက်ပြင်သင်တန်း

TV, LCD, LED, Electronic နှင့်ဆက်စပ်သည့်ပစ္စည်းမျိုးစုံ ပြုပြင်မှုပညာကို တတ်လိုမှုဆန္ဒပြင်းပြသောသူများအတွက် (၃)လအတွင်း အထူးတာဝန်ယူသင်ကြားပေးသည်။ ဤသင်တန်းမှဆင်းလျှင် ဆိုင်ဖွင့်ပြုပြင်နိုင်စေရမည်။ တစ်ပိုင်တစ်နိုင်ဝိုင်းဖွဲ့သင်တာဖြစ်လို့ ကြိမ်းသေတတ်ရမည်ဟု အာမခံပါသည်။ သင်တန်းပြီးဆုံးလို့ ကျွမ်းကျင်မှုရှိပါက အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးမည်။

ဌေးအောင်ကျော် TV, LCD, LED, Service Centre
အမှတ်(၄၀)၊ မြေညီထပ်၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၇၃၆၇၃

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် (၇၅)၊ မြေကွက်တည်နေရာအမှတ်(၇၅)၊ ၂-လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးနီ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးနီကွယ်လွန်သဖြင့် ဒေါ်ခင်ကြည်[၁၂/မဂတ(နိုင်)၀၅၂၃၂၈]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(၂)အတွင်းရှိ စီ (၁၁)လမ်း၊ ခြံအမှတ်(၃၆၂)၏ မူလပိုင်ရှင် ဦးမင်းသိန်း[၆/အမရ(နိုင်)၀၃၇၀၆၃] ထံမှ ကျွန်တော် ဦးခိုင်ရွှေဝင်း[၁၃/ကမန(နိုင်)၀၈၂၈၈၂]သည် အပြီးအပိုင်ဝယ်ယူ၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေပါသည်။ အမည်ပြောင်းလျှောက်ထားလိုသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇) ရက်ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးခိုင်ရွှေဝင်း[၁၃/ကမန(နိုင်)၀၈၂၈၈၂]
အမှတ်(၁၈၆)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ တိုက်(B)၊ အခန်း(၂၅၇)တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်သန်းသန်းဝေ [၁၀/မလမ(နိုင်)၀၂၆၄၅၆]ထံမှ ဒေါ်ချယ်ရီထွန်း [၁၂/လကန(နိုင်)၀၂၇၂၂၀] က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၈၈၂)၊ မြေကွက်တည်နေရာအမှတ် (၈၈၂)၊ (၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးမောင်စိန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်စိန်[ISN-၁၅၁၅၆၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/F)၊ မြေကွက်အမှတ်(၃/စ၁)၊ အကျယ်အဝန်း ပေ(၈၅×၁၀၀) အကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ ရွာမ(အရှေ့)ရပ်ကွက်၊ အေးသိဒ္ဓိလမ်း၊ အိမ်အမှတ်(၉၅၁)ဟု ခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဥ္ဇာဝင်း [၈/မထန(နိုင်)၀၉၅၁၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ
LL.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)
အထက်တန်းရှေ့နေ (စဉ်-၃၃၁၆၇)
"ရွှေနန်းစံ"ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
Ph: 09-73146551, 09-73173987, 09-420003874, 09-420003873, 09-420003872

အထူးဝမ်းနည်းကြေကွဲခြင်း

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သား၊ (ဦးစိန်-ဒေါ်စောညွန့်)တို့၏ သားသမက်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီးချောချောခိုင်၊ ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ (ဖေယျာတင်ထွန်း)၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်ဇောအောင်-ဒေါ်ကေကေလျာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသက်တင်ထွန်း၊ မောင်အောင်ဖေယျတင်ထွန်း၊ မရွှေပန်းချီ၊ မရွှေသုန္ဒြီ၊ မရွှေရည်ရွှန်းမျိုးမင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးဇင်ယော်-ဒေါ်ခင်သီရိ
ပို့ဆောင်ရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်တင်တင်စိန်၏ ခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီးချောချောခိုင်၊ ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်ဇောအောင်-ဒေါ်ကေကေလျာခိုင်တို့၏ဖခင် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း) အသက်(၈၄)နှစ်သည် ၂၁-၁၀-၂၀၁၃ ရက်တွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဦးသန့်စင်-ဒေါ်အေးအေးခိုင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) (ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ(ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သား၊ (ဦးစိန်-ဒေါ်စောညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီးချောချောခိုင်၊ ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ(ဖေယျာတင်ထွန်း)၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင် မိုး၊ ဦးကျော်ဇောအောင်-ဒေါ်ကေကေလျာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်း သက်တင်ထွန်း၊ မောင်အောင်ဖေယျတင်ထွန်း၊ မရွှေပန်းချီ၊ မရွှေသုန္ဒြီ၊ မရွှေရည်ရွှန်းမျိုးမင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) ည ၈း၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့်ဇနီး
ဒေါက်တာဒေါ်တင်နွယ်ဝေ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်တင်တင်စိန်၏ ခင်ပွန်း၊ဦးအောင်လှဝင်း-ဗိုလ်မှူးကြီးချောချောခိုင်၊ ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်ဇောအောင်-ဒေါ်ကေကေလျာခိုင်တို့၏ဖခင် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း) အသက်(၈၄)နှစ် သည်၂၁-၁၀-၂၀၁၃ရက်တွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးရွှေသန်း-ဒေါ်ခင်လေးမြင့်
သမီးကလျာဆွေ
FMI City
ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မလေး(ခ)Pansy Ba

အသက်(၉၀)

သီပေါ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်-၄(က)၊ ဦးကျော်လှလမ်း၊ (၇)မိုင်နေ ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း)၏ ဇနီး၊ ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့်၏ အစ်မ ဒေါ်ခင်မလေး (ခ) Pansy Ba သည် ၂၀-၁၀-၂၀၁၃ရက် ည ၇း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ဦးရန်နိုင်ဦး-ဒေါ်ရွှေစင်
နှင့်
အနုပညာဦးစီးဌာနမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

ဦးဖေသိန်း(မိတ္ထီလာ)(၇၃)နှစ်

B.E(Civil)

ကြည်း-၁၁၀၆၇၊ ဗိုလ်သင်တန်းအမှတ်စဉ်(၃၅)၊(အားကစားကလောင်ရှင်)

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်)

မိတ္ထီလာမြို့၊ မင်းရပ်နေ (ဦးညိုလှ-ဒေါ်သန်း)တို့၏သားကြီး၊ (ဦးဖေရင်-ဒေါ်မေကြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၆)လမ်း သွယ်(သုခလမ်း)၊ အမှတ်(၄၂)နေ ဒေါ်ရီရီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်းဝင်းညို (Myanmar Calre Express-Mdy)-ဒေါ်စုစုလှိုင်၊ ဦးမျိုးအေးသိန်း (ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချောချောစု၊ ဦးဇော်မြင့်နိုင် (C/O, Tokyo Marine)-ဒေါ်ခင်မိုးသူ၊ ဦးဝေဇင်ဦး(C/O, Marlow Navigation)-ဒေါ်သဥ္ဇာဦး(Assistant Finance Manager, MICTDC)တို့၏ ကျေးဇူးရှင်ဖခင်၊ ဦးနေဝင်းဦး၏ ဦးကြီး၊ မောင်မင်းခန့်ကျော်၊ မောင်စိုင်းလင်းသန့် မောင်၊ မသူမွန်ဟန်၊ မဖြူစင်ဝင်းသန့်၊ မစောခမ်းဟွမ်၊ မစုမြတ်ဝင်းထက်တို့၏ အဘိုးသည် ၂၂-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁း၅၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

ဦးဖေသိန်း (မိတ္ထီလာ)(၇၃)နှစ်

B.E(Civil)

ကြည်း-၁၁၀၆၇၊ ဗိုလ်သင်တန်းအမှတ်စဉ်(၃၅)

(အားကစားကလောင်ရှင်)

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်)

မိတ္ထီလာမြို့၊ မင်းရပ်နေ (ဦးညိုလှ-ဒေါ်သန်း)တို့၏သားကြီး၊ (ဦးဖေရင်-ဒေါ်မေကြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၆)လမ်းသွယ်(သုခလမ်း)၊ အမှတ်(၄၂)နေ ဒေါ်ရီရီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးညွန့်မောင်-ဒေါ်ဝင်းဝင်းကြည်၊ (ဒေါက်တာစန်းစန်းလှ)၊ ဦးမျိုးမြင့်ဖေ-ဒေါ်သန်း သန်းလှ၊ ဦးဇော်ဝင်း-ဒေါ်ကြည်ကြည်စိုး၊ ဒေါ်ရီရီမြင့်တို့၏ အစ်ကိုကြီးသည် ၂၂-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁း၅၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အမှတ်(၇၃)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယ ဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ၌ ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်(လေ)မှ အရာရှိ/စစ်သည် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

မဟာသရေစည်သူ

ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(လေ)(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ/၁၁၂၇

အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃ရက်(တနင်္လာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အမှတ်(၂)သယ်ယူပို့ဆောင်ရေးအုပ်
အငြိမ်းစားအရာရှိအရာခံ အကြပ်တပ်သားများ

---

(၆)နှစ်ပြည့်အလွမ်း

(၂၄-၁၀-၂၀၀၇)-(၂၄-၁၀-၂၀၁၃)

FRIDA ဒေါ်ခင်မြတ်မြတ်လွင် B.Sc (Chemistry)

မြန်မာ့စီးပွားရေးဘဏ်၊ ပြည်မြို့။

ကြာလည်းမမေ့၊ ရှာလည်းမတွေ့၊ သမီးလတ် **'မြတ်'** မိသားစုနဲ့ ခွဲခွာသွားတာ ခြောက်နှစ်တင်းတင်း ရှိခဲ့သော်လည်း စက္ကန့်မလပ် သတိရနေဆဲပါ။ ပြုသမျှ ကုသိုလ်အစုစုအား အသျှင်လက်ခံပြီး အမြင့်ဆုံးဘုံမှာ စံစားရရှိနိုင်ပါစေ။

ဦးခင်မောင်သိန်း-ဒေါ်ခင်ဝင်းကြည်
(မမြတ်မိုးအထည်ဆိုင်)မိသားစု
အမှတ်(၁၉၊ ၂၁)၊ ၄-ရုံ၊ ဈေးကြီး၊ ပြည်မြို့။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်ဒါယကာကြီး

ဦးကျော်မြင့်

အသက်(၇၈)နှစ်

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုလယ်ယာဦးစီးဌာန၊
လယ်ယာစိုက်ပျိုးရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

၁၉-၁၀-၂၀၁၃ရက်မှ ကွယ်လွန်သွားပြီဖြစ်သော ဦးကျော်မြင့်အတွက်ရည်စူး၍ ၂၅-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ပြည်လုံးချမ်းသာကျောင်းတိုက်၊ ကမ်းနားလမ်း၊ နတ်စင်လမ်းထိပ်၊ ကြည့်မြင်တိုင်မြို့နယ်သို့ ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် (၇၃) တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) ည၈း၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်
ဇနီးဒေါ်အေးအေးသန်းမိသားစု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ
အရာရှိ/စစ်သည်မိသားစုများ

ဒေါ်ကြင်မြိုင်(ရွှေဘို) အသက်(၈၀)

ရွှေဘိုမြို့၊ မင်းရပ်နေ(ဦးမှတ်-ဒေါ်ဆိတ်)တို့၏သမီး၊ (ဦးမြင့်မောင်)၏ဇနီး၊ ခင်ဦးမြို့နေ(ဦးဌေးဌေး)-ဒေါ်တူးတူး၊ ရန်ကုန်မြို့နေ ဦးအောင်ဇော်လင်း(Zero Zone)-ဒေါ်ခင်စန္ဒာအေး၊ စစ်ကိုင်းမြို့နေ ဦးမြင့်စိုးအောင်(ခ)ကိုဝိုင်း (ရှေးဟောင်းသုတေသနဌာန)-ဒေါက်တာသင်းသင်းဦး(ပထဝီဌာန၊ စစ်ကိုင်းတက္ကသိုလ်)၊ ဦးကိုကို(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)-ဒေါ်သန်းသန်းဆင့်၊ ရွှေကူမြို့နေ ဦးသောင်းညွန့်(မြို့နယ်ဦးစီးမှူး၊ လဝက)-ဒေါ်ချိုချိုမြင့်တို့၏မိခင်၊ မြေး ၁၆ယောက်တို့၏ အဘွားသည် ၂၂-၁၀-၂၀၁၃ရက် ညနေ ၃း၅၀နာရီတွင် ရွှေဘို ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရွှေဘိုမြို့ ဥဿျှစ်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဒေါက်တာ ဦးလှအောင်(ဆမ-၁၉၀၁)

အသက်(၇၈)နှစ်

လ/ထကထိက ဆေးပညာဌာန(ဆေးတက္ကသိုလ်-၂)

ကထိက(ငြိမ်း) ဆေးပညာဌာန(ဆေးတက္ကသိုလ်-၁)

ရန်ကုန်မြို့နေ[ဦးမြင့်(ကျောင်းဆရာကြီး)-ဒေါ်သိန်းကြွယ်]တို့၏သား၊ ဖျာပုံမြို့နေ(ဦးဂွမ်စိန်-ဒေါ်ချို)တို့၏သားသမက်၊ ဦးဝင်း(ဗဟိုတရားရုံးရှေ့နေ)-ဒေါ်ရင်မေ၊ ဦးတင်ဖေသိန်း(ရဲမှူး-ငြိမ်း)-(ဒေါ်သန်းသန်းစိန်)တို့၏မောင်/အစ်ကို၊ ရန်ကုန်မြို့၊ (၆၂၁-က)၊ ရိုးမရိပ်သာ၊ ငါးမိုင်ခွဲ၊ ပြည်လမ်းနေ ဒေါက်တာဒေါ်တင်အေး ၏ ခင်ပွန်း၊ ဦးဆန်းလွင်ထွန်း-ဒေါ်သီသီစိုး(T.T.C ကမာရွတ်)၊ ဦးကျော်စိုးအောင်-ဒေါ်လွင်စန္ဒာထွေးမောင်၊ ဦးမြတ်စိုးအောင်-ဒေါ်ခိုင်ခိုင်စိုး (Win & S.P.A.M)၊ ဦးရဲမြင့်အောင်- ဒေါ်နွယ်နီဝင်း(U.S.A)တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုး ဒေါက်တာ ဦးလှအောင်သည် ၂၂-၁၀-၂၀၁၃(အင်္ဂါနေ့) နံနက် ဝ၀း၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး(I.C.U)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁၀-၂၀၁၃(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အမည်ပြောင်း

ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးကျော်ဇေယျာဦး၏သား မောင်ဇေဘုဏ်းထက်အား ယနေ့မှစ၍ မောင်ဇေဘုဏ်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

